

# အရိယမဂ်

ဦးအေးကြည်

( စာတိုက် )

ဂုဏ်ထူးစာပေ

ဘာရတီစာပေ

မှ

ထုတ်ဝေ၍

**ဂုဏ်ထူးစာပေ**

အမှတ် ၂၀၉၊ ၃၃-လမ်း၊ ရန်ကုန်မြို့၊

ဖုန်း (၇၄၅၁၀)

မှ

ဖြန့်ချိသည်။

ဝိပဿနာ ယောဂီတိုင်း
လက်ကိုင်ထားရှိရမည့် လမ်းညွှန်စာအုပ်

# အရိယ မဂ်

ဦးအေးကြည်(စာတိုက်)

| | |
|---|---|
| **စာမူခွင့်ပြုချက်** | (၁၀/၉၃) (၁) |
| **မျက်နှာဖုံး ခွင့်ပြုချက်** | (၁၂/၉၃) (၆) |
| | ပထမအကြိမ် |
| | ၁၉၉၃–ခု၊ ဩဂုတ်လ |
| | အုပ်ရေ(၅၀၀) |
| [redacted] | [redacted] |
| **ထုတ်ဝေသူ** | ဦးဘသိ<br>ဘာရတီစာပေ<br>(၀၇၀၁)<br>အမှတ် ၆၆–၁၂၃လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| **ပုံနှိပ်သူ** | ဦးနန္ဒ (၀၃၅၉၇)<br>သီရိနန္ဒာပုံနှိပ်တိုက်<br>အမှတ် ၂၁၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့ |
| **အဖုံးရိုက်** | ဦးမြသိန်း (၀၁၄၂၇)<br>သိန်းမြင့်ဝင်းအော့ဖ်စက်<br>အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| **မျက်နှာဖုံးပန်းချီ** | ဝင်းပေါ်မောင် |

# မာတိကာ

- ✱ ထုတ်ဝေသူ၏အမှာ

၁။ ဩကာသဘုရားရှိခိုး
ဩကာသနှင့်ရှိခိုး

၂။ ဘုရားသားတော်ကြီးများ၏အာဘော်
စတုဂီရိရှုဖွယ်ကျမ်းများမှ
ကောက်နုတ်ချက်များ
ဒိဋ္ဌိဝိသောဓနဝေဇီရဂ္ဂဒီပနီမှ
ကောက်နုတ်ချက်များ
လယ်တီဒီပနီများမှ ကောက်နုတ်ချက်များ
ပရမတ္ထစက္ခုကျမ်းမှ ကောက်နုတ်ချက်များ
နိဗ္ဗာန်ဘယ်မှာရှိသလဲ
ဝိမုတ္တိရသကျမ်းမှ ကောက်နုတ်ချက်များ

၃။ ဝိပဿနာလက်စွဲ
ရုပ်အခန်း
နာမ်အခန်း

# မာတိကာ


ဆောင်ပုဒ်သုံးဆယ်အဖြေ ၆၆
ရုပ်ကိုဖြေဆိုခန်း ၆၆
စတုဇရုပ်ကိုပြခန်း ၇၃
နာမ်ကိုပြဆိုခန်း ၈၄
ရုပ်ကိုကြည့်ရှုရန်ပြဆိုခန်း ၉၆
ရှုကြည့်ပုံနိဿယ သဲလွန်စ ၁၀၀
ဉာဏ်နှင့်ရှင်းရန် သဲလွန်စ ၁၀၂
ဝိညာဏ်ကိုဖမ်း၍ရှုရန် ပြဆိုခန်း ၁၀၃
ဖမ်းရန်နိဿယ သဲလွန်စ ၁၀၃
ပညာရှိတို့ သတိပြုရန်အချက် ၁၀၅
နိဂုံး ၁၁၁
မုံရွာမြို့လယ်တီဆရာတော်ဘုရားကြီး၏ဆုံးမစာ ၁၁၂

၄။ ဝါဆိုလပြည့်နေ့နှင့် (၃၇)မင်း ကိုးကွယ်မှု ၁၁၇

## ထုတ်ဝေသူ၏အမှာ

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်ကို ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊အသက်လိပ်ပြာ ဟု ဖောက်ပြန်မှားယွင်းစွာမြင်သောအမြင်ကိုမသိမှုအဝိဇ္ဇာဟု ဘုရားရှင် ပညတ်တော်မူသည်။

မသိမှုအဝိဇ္ဇာသည် လကွယ်နေ့ည ညဥ့်နက်သန်းခေါင် အချိန် မီးရောင်လုံးဝကင်းမဲ့သည့် အလုံပိတ်အခန်းတွင်းမှာ ထက်ပင် အဆအရာ အထောင်အသောင်းမက သာလွန်၍ဖင် မှောင်မိုက်သေး၏။

ဘုံ ၃၁ သံသရာလောကသည် မသိမှုအဝိဇ္ဇာဖြင့် ပိန်းပိတ် အောင် မှောင်မိုက်လျက်ရှိရာ ဘုရားတစ်ဆူတစ်ဆူ ပွင့်တော် မူမှ (သဗ္ဗညုတဉာဏ်) ရောင်ခြည်တော်ဖြင့် ကျွတ်ထိုက်သသူ ဘုန်းသမ္ဘာရှင်တို့အား သံသရာမှ တစ်ပေါက်တစ်လမ်း တည်းသာဖြစ်သည့် ထွက်ပေါက်ထွက်လမ်း အရိယ(မဂ်)ကို ညွှန်ပြတော် မူခဲ့ပေသည်။

စတုဂီရိတောင်လေးလုံး ဆရာတော်ဘုရားကြီး၊ မန်လည် ဆရာတော်ဘုရားကြီး၊ လယ်တီဆရာတော်ဘုရားကြီး၊ ဒီပဲရင်း ဆရာတော်ဘုရားကြီးနှင့် ယောအတွင်းဝန် ဦးဘိုးလှိုင်တို့သည်

# ထုတ်ဝေသူ၏အမှာ

လည်း ဘုရားရှင်အလိုတော်ကျ သံသရာမှထွက်လမ်း အရိယ (မဂ်)စခန်းကိုသာလျှင် ညွှန်ပြရေးသားတော် မူခဲ့ကြပေသည်၊

ဩကာသ ဘုရားရှိခိုးတွင် သံသရာမှ ထွက်ပေါက်ထွက်လမ်း အရိယ (မဂ်)ကိုသာ ရည်ညွှန်းလျက် စာရှုသူတို့ လွယ်ကူစွာ သဘောပေါက်နားလည်စေရန် ဦးအေးကြည်တင်ပြထားသည်ကို ဤစာအုပ်တွင် တွေ့ရှိရမည် ဖြစ်ပါသည်။

ဝိပဿနာအလုပ်တရား အမည်ခံတွေ့အမျိုးမျိုး ကွဲပြားပေါ်များနေစဉ် ဝိပဿနာဉာဏ်အလုပ်ကို တိကျစွာညွှန်ပြတော်မူခဲ့ကြသည့် ဘုရားသားတော်အစစ်အဖြစ်ကြီး ဖြစ်တော်မူကြသော ဖော်ပြပါ ဆရာတော်ကြီးများ၏ ကျမ်းအသီးသီးမှ ကောက်နုတ်ချက်များဖြစ်သည့် (ဘုရားသားတော်ကြီးများ၏ အာဘော်)၊ လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းသံဖြူ လယ်တီဦးနန္ဒိယ ရေးသားတော်မူသော (ဝိပဿနာလက်စွဲ)၊နှင့်(ဩကာသ ဘုရားရှိခိုး)ကို သံသရာမှ တစ်ပေါက်တစ်လမ်းတည်းသာဖြစ်သည့် ထွက်ပေါက်ထွက်လမ်း အရိယ (မဂ်) အမည်ဖြင့် ဦးအေးကြည်က စီစဉ် ပြုစု ပေးသည်ကို ကျွန်တော်များအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ရိုက်နှိပ်ဖြန့်ချိရပါသည်။

(သူ-တော်-စင်) အပေါင်းတို့ သံသရာမှ(ထွက်မြောက်)ကြသည်ဖြစ်၍ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်နိုင်ကြပါစေ။ ။

ထုတ်ဝေသူ

(ဘုရား၊တရား၊သံဃာ—မိဘဆရာတို့အားရှိခိုးပါ၏။)

## ဩကာသဘုရားရှိခိုး

ဩကာသ—ဩကာသ—ဩကာသ၊

ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြှော်မာန်လျှော့ ကံတော့ပါ၏ အရှင်ဘုရား။

ကံတော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊အရပ်ဖြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါ၊ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား။

(မြန်မာပြန်)

သြကာသ = ခွင့်ပန်ခြင်း

ကာယကံသုံးပါး = ကိုယ်ဖြင့်ပြုသော မကောင်းမှု၃-ပါး။

(၁) ပါဏာတိပါတ = အသက်သတ်ခြင်း။

(၂) အဒိန္နာဒါန = သူတစ်ပါးဥစ္စာကိုခိုးယူခြင်း။

(၃) ကာမေသုမိစ္ဆာစာရ = အုပ်ထိန်းမှုရှိသော သူ တစ် ပါးသားသမီး၊ သား မယားကိုပြစ်မှားကျူးလွန်ခြင်း။

ဝစီကံလေးပါး=နှုတ်ဖြင့်ပြုသော မကောင်းမှုလေးပါး။

(၁) မုသာဝါဒ =မဟုတ်မမှန်ပြောဆိုခြင်း။

(၂) ပိသုဏာဝါစာ=ကုန်းတိုက်စကား ပြောဆိုခြင်း။

(၃) ဖရုသဝါစာ= ရှန့်ရင်း ကြမ်းတမ်းစွာပြောဆိုခြင်း။

(၄) သမ္ဖပ္ပလာပ= ကောင်းမှုမပါ အနှစ်မဲ့သော စကားဖျဉ်း စကားပေါ့ပြောဆိုခြင်း။

မနောကံ သုံးပါး= စိတ်ဖြင့်ပြုသော မကောင်းမှု ၃-ပါး။

(၁)အဘိဇ္ဈာ=တစ်ပါးသူ၏ စည်းစိမ်ဥစ္စာကို မိမိပိုင် ဖြစ်ရန် ကြံစည်ခြင်း။

(၂)ဗျာပါဒ=တစ်ပါးသူ ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ခြင်း။

(၃)မိစ္ဆာဒိဋ္ဌိ=မှားယွင်း ဖောက်ပြန်သောအယူရှိခြင်း။

သဗ္ဗဒေါသ= ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ပြုသော မကောင်းမှု အားလုံး။

ရတနာသုံးပါး=မြတ်နိုး၊ နှစ်လို၊ အားကိုးရာ ၃-ပါး။

(၁)ဘုရားရတနာ=သစ္စာ လေးပါး တရားမြတ်ကို ထိုးထွင်းသိမြင် ဟောကြားနိုင် သော မြတ်နိုး၊ နှစ်လို၊ အားကိုးရာဖြစ်သည့် မြတ်စွာဘုရား။

(၂)တရားရတနာ=မြတ်နိုး၊ နှစ်လို၊
အားကိုးရာ ဖြစ်သောမဂ်
၄-ပါး၊ဖိုလ်၄-ပါး၊နိဗ္ဗာန်
တရား၊

(၃)သံဃာရတနာ=မြတ်နိုး၊ နှစ်လို၊
အားကိုးရာ ဖြစ်သောမဂ္ဂ
ဌာန် လေးယောက်၊ ဖလ
ဌာန်လေးယောက်၊ ပေါင်း
ရှစ်ယောက်သောအရိယာ
သံဃာတော်။

အပါယ်လေးပါး=ချမ်းသာခြင်း ကင်း၍ ဆင်းရဲအတိသာ
ရှိခြင်း ၄ ပါး။

(၁)ငရဲ=အမြဲဆင်းရဲ ပူပန်ခြင်း။

(၂)တိရစ္ဆာန်=စားမှု၊ အိပ်မှုနှင့်ဒွါရ
ခြောက်ပေါက်မှ ကာမ
ဂုဏ်ခံစားမှုသာ သိခြင်း။
မဂ် - ဖိုလ်- နိဗ္ဗာန် နှင့်
ဖီလာ ကန့်လန့် ဖြစ်ခြင်း။

(၃)ပြိတ္တာ=အလိုကြီး၍ အမြဲလောဘ
မီးလောင်နေခြင်း။

(၄)အသူရကာယ်=ဆင်းရဲ တစ်ခါ၊
ချမ်းသာခဏသာ ရှိခြင်း။
(စိတ်မချ သောကရှိခြင်း၊
မရဲရင့်ခြင်း)

ကပ်သုံးပါး= ပျက်စီးရန် အကြောင်း၃=ပါ။

(၁)ဒုဗ္ဘိက္ခန္တရကပ်=ငတ်မွတ် ခေါင်းပါးခြင်း။
(၂)သတ္တန္တရကပ်=လက်နက်ဘေး ကြုံရခြင်း။
(၃)ရောဂန္တရကပ်=အနာ ရောဂါ ဖိစီးခြင်း။

အရပ်ဖြစ်ရှစ်ပါး= အဌက္ခဏ=နဝမ ခဏနှင့်ဆန့်ကျင်ဘက်၊
မဂ်-ဖိုလ်၊ နိဗ္ဗာန်နှင့်လွဲရခြင်း ၈-ပါး။

(၁) သာသနာပအခါ လူ့ဘဝ ဖြစ်ရခြင်း။
(၂) သာသနာတွင်း ကြုံသော်လည်း ငရဲဘဝဖြစ်ရခြင်း။
(၃) သာသနာတွင်း ကြုံသော်လည်း ပြိတ္တာဘဝဖြစ်ရခြင်း။

(၄) သာသနာတွင်း ကြုံသော်လည်း တိရစ္ဆာန်ဘဝ ဖြစ်ရခြင်း။

(၅) သာသနာတွင်း ကြုံသော်လည်း (ရုပ်၌အယူလွန်ခြင်း၊နာမ်၌ အယူလွန်ခြင်း)ရူပအရူပဘဝ ဖြစ်ရခြင်း။

(၆) သာသနာတွင်း ကြုံသော်လည်း မှားယွင်းသောအယူ ရှိခြင်း။

(၇) သာသနာတွင်း ကြုံသော်လည်း ပစ္စန္တရစ်အရပ်၌ဖြစ်ခြင်း၊တရားစင် တရားမှန်နှင့် ဝေးရခြင်း။

(၈) သာသနာတွင်း ကြုံသော်လည်း တရားအသိဉာဏ်ကင်းမဲ့၍ ထူ–ထိုင်း-အ–န သူဖြစ်ခြင်း။

ရန်သူမျိုးငါးပါး= အသက်စည်းစိမ် ဥစ္စာများကိုဖျက် ဆီးတတ်သော ၅–ပါး။
ရေ–မီး–မင်း–ခိုးသူ–မချစ်မနှစ်သက်သောသူ။

ဝိပတ္တိတရားလေးပါး=အဖြစ်ဆိုး အဖြစ်ညံ့ဖြစ်ခြင်း ၄–ပါး။

(၁) ကာလဝိပတ္တိ=ခေတ်ဆိုး ခေတ်ညံ့ ဖြစ်ခြင်း။

(၂) ဂတိဝိပတ္တိ = ဘဝဆိုး ဘဝညံ့ဖြစ်ခြင်း။

(၃) ဥပဓိဝိပတ္တိ = မျက်စိ၊ နား၊ နှာ ကိုယ်လက် အင်္ဂါ ချို့တဲ့ခြင်း။

(၄) ပယောဂဝိပတ္တိ = လောကီကုသိုလ် လောကုတ္တရာ ကုသိုလ် အလို့ငှာ အားမထုတ်ခြင်း။

ဗျသနတရားငါးပါး = ကောင်းကျိုးပျက်စီးခြင်း ၅-ပါး။

(၁) ဉာတိဗျသန = ဆွေမျိုးပျက်စီးခြင်း။
(၂) ဘောဂဗျသန = ပစ္စည်းဥစ္စာပျက်စီးခြင်း။
(၃) ရောဂဗျသန = ကျန်းမာရေးချို့တဲ့ခြင်း။
(၄) ဒိဋ္ဌိဗျသန = အယူလွဲမှားခြင်း။
(၅) သီလဗျသန = ကိုယ်၊ နှုတ်၊ နှလုံးထိန်းကျောင်းမှု ပျက်စီးခြင်း။

## သြကာသနှင့် ရှိခိုး

ယောဂီ—သြကာသ ဘုရားရှိခိုးလင်္ကာဟာ ပုဂံခေတ် အနော်ရထာမင်းစောလက်ထက်က စတင်ပေါ်ပေါက်ခဲ့တယ်လို့ ပညာရှိတို့ ယူဆခဲ့ကြတယ်။ စပ်ဆိုသူရဲ့အမည်နာမကိုတော့ မသိကြရဘူး။

ဘုရားရှိခိုး အမျိုးမျိုးရှိပေမယ့် ဩကာသ ဘုရားရှိခိုးဟာ မူလတန်းကလေးငယ်ကစပြီး မြန်မာတစ်ပြည်လုံး ဗုဒ္ဓဘာသာဝင်တိုင်း အလွတ်ကျက်မှတ် ရွတ်ဆိုနေကြတာ နေ့ညမစဲဘဲ။

လက်စုံမိုးပြီး ဦးသုံးကြိမ်ချတာကို ဘုရားရှိခိုးတယ်လို့ ယူဆပြောဆိုကြတယ်။ ဩကာသရဲ့ အနက်အဓိပ္ပါယ်ကိုတော့ ခွင့်ပန်ခြင်းလို့ သာမန်ဖွင့်ဆိုကြတယ် ယောဂီ။

ဩကာသဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ဟာ အောက်သံသရာဆိုတဲ့ အပါယ် ၄-ဘုံ၊ အလယ်သံသရာဆိုတဲ့ ကာမသုဂတိ ၇-ဘုံ၊ အထက်သံသရာဆိုတဲ့ ဗြဟ္မာ ၂၀။ မွေး၊အို၊နာ၊သေဘေး၊ မီး (၁၁)ပါးက မလွတ်ကင်းတဲ့ဘုံ ၃၁-ဘုံဒုက္ခဘေးဆိုးကြီးက လွတ်မြောက်ဖို့၊ တစ်နည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ရရောက်ဖို့၊ မှီခိုအားထားရာ လည်းလျောင်းရာဖြစ်ဖို့၊ ပန်ကြားခြင်းလို့ဆိုမှ တိုတို့နဲ့လိုရင်းအဓိပ္ပာယ်ပြည့်စုံမယ်။

ဝေနေယျအား မြင်လုံးထွားအောင် ဝိပဿနာတရား ဟောကြားနိုင်သော စောထွန်းရတနာ မြတ်ဗုဒ္ဓါကို သဒ္ဓါညွတ်ကျိုး လက်စုံမိုး၍ (ရှိလျှင်ခိုး)သည်လို့(ဝိပဿနာလက်စွဲ) မှာ ကျေးဇူးရှင် သံဖြူလယ်တီ ဦးနန္ဒိယဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့ပါတယ်။ ဒီစာပိုဒ်ကိုထောက်ချင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရရာရကြောင်း ဝိပဿနာတရားမှန်ကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူပြီးဟောကြားနိုင်မှ ဘုရားဗုဒ္ဓဖြစ်တယ်။ ဘုရားဗုဒ္ဓမှသာလျှင် ဝိပဿနာတရားမှန်ကို ဟောကြားတော်

မှုနိုင်တယ်။ ဝိပဿနာတရားမှန်ကို ဟောကြားတော်မူနိုင်တဲ့ သဗ္ဗညုတဉာဏ်၊ အရဟတ္တမဂ်ဉာဏ်အရှိမှ အဖျင်းဆုံးအနိမ့်ဆုံး အားဖြင့် သောတာပတ္တိမဂ်ကို ရရောက်ဖို့မိုးယူ၊ အတုခိုးယူ တာကို (ရှိ–ခိုး)တယ်လို့ ဆိုရတယ်။ လက်စုံမိုးပြီး ဦးချတာ ကတော့ ရှိသေမြတ်နိုးမှုရဲ့ အမူအရာမျှသာ ဖြစ်တယ်၊ ယောဂီ။

ဩကာသနဲ့ ရှိခိုးခြင်းရဲ့ လိုရင်းအဓိပ္ပာယ်ကို ရှင်းလင်း သသောပေါက်လောက်ပြီ။

ဩကာသ ဘုရားရှိခိုးလင်္ကာမှာ ၂-ပိုဒ်ရှိတယ် ယောဂီ။ ပထမအပိုဒ်မှာ သံသရာအဆက်ဆက်က ကာယကံ-ကိုယ်အမှု၊ ဝစီကံ—နှုတ်အမှု၊ မနောကံ—စိတ်အမှုနှင့်ပြုမှားခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံအားလုံး ပျောက်ကင်းစေဖို့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို ရှိခိုး ပါ၏လို့ ပါရှိပါတယ်။

မိမိပြုခဲ့တဲ့ မုန်ညင်းစေ့မျှရှိတဲ့ အကုသိုလ် မကောင်းမှုကို ပင် မြင်းမိုရ်တောင်မျှရှိတဲ့လောကီသင်္ခါရကုသိုလ်၊ ဘုံ ၃၁ က မလွန်မြောက်နိုင်တဲ့ ဒါနကုသိုလ်၊သီလကုသိုလ်၊ သမထကုသိုလ် ကောင်းမှုတွေနဲ့ ချေဖျက်လို့ မရ၊ဝိပဿနာဉာဏ်၊ ယထာဘူတ ဉာဏ်၊ အနုတ္တဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမှ သံသရာ အဆက် ဆက်က ပြုမှားခဲ့တဲ့ အကုသိုလ်ကံဟောင်း အနန္တဟာ အလုံး စုံ ကြေပျက်ကုန်ဆုံးတယ်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့ ပါတယ်။

ကုသိုလ်ကံ၊ အကုသိုလ်ကံတရားဟာ လှည့်ပတ်ထိုးမရ၊ လာဘ်ထိုးလို့မရ၊ ဝန်ချတောင်းပန်လို့မရ၊ အယူခံမှုရှိဘူး ယောဂီ။ မိမိပြုကျင့်တဲ့ ကောင်းမှုကုသိုလ်ကံရဲ့ ကောင်းကျိုးကို ခံစားရတာက တစ်ကဏ္ဍ၊ မကောင်းမှု အကုသိုလ်ကံရဲ့ ဆိုးကျိုးကို ခံစားရတာက တစ်ကဏ္ဍ၊ သူ့ကဏ္ဍနဲ့သူ ခံစံကြရတယ်။ အဲဒီ လိုယုံကြည်ရင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ (ဝါ) ဘုံ ၃၁-က မလွန်မြောက်နိုင်တဲ့၊ တစ်နည်း အပါယ် ၄-ပါးက မလွတ်ကင်းနိုင်တဲ့ လောကီယသမ္မာဒိဋ္ဌိ၊ သုတသဒ္ဓါ၊ သုတသရဏဂုံနဲ့ ပြည့်စုံတဲ့သူလို့ ခေါ်တယ် ယောဂီ။

* * *

သိမှ– သိမသိကို– သိသည်။

မသိက– သိမသိကို– မသိ။

ဝဠ။

(သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါး)

၁။ သပ္ပုရိသ၊ သံသေဝေါ။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စ သမုပ္ပါဒ်၊ ပရမတ္ထသဘာဝကို အမြင် ပေါက်၍ မဂ်ရောက်ဖိုလ်ဝင်ပြီးသူ၊ အရိယာသူမြတ် အား ဆည်းကပ်ပေါင်းဖော်ခြင်း။

၂။ သဒ္ဓမ္မသဝနံ။ မရှိပညတ်နှင့် အရှိသဘောပရမတ်တရား၊ ဓာတ်ဓမ္မတရားကို အရိယာသူမြတ်ထံမှ ကြားနာမှတ် သား၊ ဆွေးနွေးမေးမြန်းခြင်း။

၃။ ယောနိသော မနသိကာရော။ မရှိပညတ်ကိုဖောက်ထွင်း လျက် အရှိသဘောပရမတ်ကို အမြင်ပေါက်အောင် နှလုံးသွင်း ရှုကြည့်ဆင်ခြင်စဉ်းစားခြင်း။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ။ မရှိ ပညတ်နှင့် အရှိသဘောပရမတ် ကို ကောင်းစွာ ခွဲခြား သိမြင်၍၊ ဖောက်ပြန်မှားယွင်း စွာ ယူစွဲခဲ့သော ပညတ်အမြင် အဝိဇ္ဇာကို ပယ်ဖျက် ချေမှုန်းခြင်း။

(ထေရာအပဒါန်)
နှင့်
(သုတ်ပါထေယျ ပါဠိတော်)

# ဘုရားသားတော်ကြီးများ၏အာဘော်

ယောဂီ....

* ဗုဒ္ဓဘာသာမိဘက မွေးဖွားလို့ ဗုဒ္ဓဘာသာ ဖြစ်နေသလား။
* ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကို ဖူးတွေ့ပြီးပြီလား။
* မိမိဟာ ဘုရား‌ရဲ့ရန်သူ ဖြစ်နေမလား။
* ယောဂီ သွားတယ်၊ ယောဂီ ထိုင်တယ်လို့ပညာမပါဘဲ ပုဂ္ဂလသတ္တအယူဖြင့် 'မှတ်' နေကာမျှနဲ့ သတိပဋ္ဌာန် ခေါ်ရောလား။
* ဝိပဿနာအလုပ်ဆိုတာ ဘယ်လိုအလုပ်မျိုးလဲ။
* ဝိပဿနာအလုပ်ကို ဘယ်လိုလုပ်ရသလဲ။
* စီးပွားရေးနဲ့ လောကုတ္တရာရေး ဖက်တွဲနိုင်သလား။
* မဂ်-ဖိုလ်-နိဗ္ဗာန်နဲ့ ဘာ့ကြောင့် ဝေးနေရသလဲ။
* နိဗ္ဗာန်ရပါလို၏လို့ ဆုတောင်းတာ ဘယ်လိုလဲ။
* နိဗ္ဗာန်ရရောက်တယ်ဆိုတာ ဘယ်အခါလဲ။
* နိဗ္ဗာန်ဘယ်မှာရှိသလဲ။

စတဲ့ အချက်တွေ ယခုတင်ပြမယ့် ဘုရားသားတော်ကြီးများရဲ့ ကျမ်းအသီးသီးမှ ကောက်နှုတ်ချက်များမှာ ပါရှိပါတယ်။ အစမှအဆုံး ထပ်ခါ ထပ်ခါ ဖတ်ရှုပြီး ကျေးဇူးရှင်ကြီးများကို တရားနဲ့ကျေးဇူးဆပ်ပါ။

အေးကြည် (စာတိုက်)

## စတုဂိရိ မထေရ်မြတ်ကြီး

### (စတုဂိရိရှုဖွယ်ကျမ်းများမှ ကောက်နှုတ်ချက်များ)

သာသနာတော် နေ၀န်းတက်ထွန်းစဉ်ကာလတွင်မှ အနတ္တကို မသိလိုက်ရ၊ မထင်လိုက်ရ၊ မမြင်လိုက်ရရှိချေသော် သာသနာတော်နေမင်း၀င်၍ မှောင်အတိဖြစ်သောအခါ ဆိုရာမရှိပြီမှတ်။

သူကရ သူကရီ စသည်တို့ကဲ့သို့ ဘာသာအလေ့အားဖြင့် အထီးအမ သိကာမျှ၊ သုနခ သုနခီ စသည်တို့ကဲ့သို့ ၀မ်း၀ရုံရှာစားတတ်ကာမျှ၊ မနုဿတ္တ ဒုလ္လဘကိုရပြီဟု ၀မ်းမြောက်ထိုက်သည် မဟုတ်ချေ။

၀ိပဿနာကိစ္စအပြီးသို့ မရောက်လျှင် နိဗ္ဗာန်စံရမည်ကို မဆိုလင့်ဦး၊ နိဗ္ဗာန်စော်မျှမနံ သံသရာဥ္စနစ်မြဲ တလဲလဲသာနစ်ကြရလိမ့်မည်။

တစ်နေ့သုံးကြိမ် ငွေကျောင်းတစ်ရာ၊ ရွှေကျောင်းတစ်ရာ ဆောက်လှူရသောသက်၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား ဤသုံးပါးတွင် တစ်ပါးပါးမျှကို တစ်ခဏပညာဖြင့် ရှု၍ပညာပြဋ္ဌာန်းသော ကုသိုလ်စိတ်ဖြင့် ငြိမ်းငွေ့ရခြင်းသည် အဆအရာမက၊ အဆအထောင်မက ကြီးမားလှစွာသော ကုသိုလ်ဖြစ်သည်။

ဘိက္ခုသွားသည်၊ ဘိက္ခုနီသွားသည်၊ ဣတ္ထိသွားသည်၊ ပုရိသသွားသည်ဟု သမ္မုတိဒေသနာတော်နည်းဖြင့် ဟောတော်မူသည်။ ရင်းဟောတော်မူတိုင်းသော၊ ဘိက္ခုသွားသည်၊ ဘိက္ခုနီသွားသည်၊ ဣတ္ထိသွားသည်၊ ပုရိသသွားသည်ဟု ရှုချေလျှင် သတိပဋ္ဌာန်ကို ပွားစေသည်မမည်ချေ။ ကမ္မဋ္ဌာန်းလည်း မဟုတ်ခဲ့။ သတ္တဝါဟုယူသော ဒိဋ္ဌိကိုလည်း မစွန့်ခဲ့၊ အတ္တဝါဒုပါဒါန်၊ အတ္တဟုစွဲလမ်းသော ဒိဋ္ဌိကိုလည်း မခွာခဲ့။ ထို့ကြောင့် ဖိုဆိုခဲ့ပြီးသော သမ္မုတိဒေသနာတော်နည်းဖြင့်သာ သိချေသည်ဖြစ်လျှင် ဘိက္ခုနှင့်တိရစ္ဆာန်သည် ဤအရာ၌ ကောသဒိသ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဆရာမပြ နည်းမရသောကြောင့် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား မိန်းမ အစရှိသည်ဖြင့် မုချကေန် အမှန်စွဲယူလျှင် အတ္တဝါဒဒိဋ္ဌိဖြစ်ခဲ့လျှင် ဗာလအောက်အလွန်နိမ့်ညံ့ယုတ်သော ဗာလပုထုဇဉ်ဒိဋ္ဌိ ဖြစ်၏။ ဇာတ်သာလွှဲသည် နွားကျွဲနှင့် အတူတူဟူလို။

လောက၌ ဥမ္မတ္တကသည် ငါဥမ္မတ္တကဖြစ်ချေသည်ဟု သိနိုင်မည့်အရေး အလွန်ပင်ခက်ခဲ၏။ ထိုထက်ပင်တုံသော်လည်း သာသနာတော်၌ မိစ္ဆာဒိဋ္ဌိဖြစ်သောသူသည် ငါကား မိစ္ဆာဒိဋ္ဌိ ကေန်ဖြစ်ချေသည်ဟု သိနိုင်မည့်အရေး အလွန်တရာ ခက်ခဲလှသည်။

ဤတရားကား အနိစ္စဖြစ်သည်။ ဤသို့သောအကြောင်းကြောင့် အနိစ္စဖြစ်သည်။ ဤတရားကား ဒုက္ခဖြစ်သည်။ ဤသို့

သောအကြောင်းကြောင့်မူကား ဒုက္ခဖြစ်သည်။ ဤတရားကား အနတ္တဖြစ်သည်။ ဤသို့သောအကြောင်းကြောင့်မူကား အနတ္တဖြစ်သည်ဟု ပညာစက္ခုဖြင့် တတ်တတ်ရှု၍ မနှစ်သက်မစုံမက် ငြီးငွေ့စက်ဆုပ်ခြင်းသည် နိဗ္ဗိန္ဒမည်၏။ ဤနိဗ္ဗိန္ဒပညာပြဋ္ဌာန်းသော ကောင်းမှုသည်သာလျှင် မဂ္ဂဖလအာသန္နတရမဂ်ဖိုလ်နှင့်နီးစပ်လှသောကြောင့်မဟာပုညဖြစ်သည်။ နေ့တိုင်းနေ့တိုင်း ရွှေအတိဖြင့်ပြီးသော စေတီ ရှစ်သောင်းလေးထောင် တည်ထားကောင်းမှု ပြုရသည်ထက် အဆအရာအဆအထောင်မက ကြီးမားမြင့်မြတ်လှသော နိဗ္ဗိန္ဒဉာဏ်ပြဋ္ဌာန်းသောကောင်းမှုကို ဝမ်းမြောက်ဝမ်းသာ သူ့ထက်ငါ အားထုတ်ကြပါသည်ရှိသော် အစိန္တေယျမြတ်ဘုရားအား နှစ်သက်မြတ်နိုးဖွယ်သော ဓမ္မပူဇာဖြင့် သူ့ထက်ငါပူဇော်ရသည်လည်း မည်၏။

ယခုဗုဒ္ဓုပ္ပါဒ ဒုလ္လဘအတွင်း၌ ဆွေကြီးမျိုးကြီး၊ မိကောင်းဖကောင်း သားသမီးဖြစ်ကြရကုန်ပြီးမှ အနိစ္စမှန်းမသိ၊ ဒုက္ခမှန်းမသိ၊ အနတ္တမှန်းမသိ၊ အသုဘမှန်းမသိမူ၍ သူရူးကဲ့သို့ မိစ္ဆာဒိဋ္ဌိ မဖြစ်ကြစေကုန်လင့်။

ခန္ဓာငါးပါး အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု ထင်မှတ်စွဲယူကျင့်သောသူမှာ လူပင်စင်စစ် ကေန်ဖြစ်သော်လည်း မဟာဗာလဥမ္မတ္တကမိစ္ဆာဒိဋ္ဌိအစစ် ဖြစ်လေပြီ။

အကြင်သူသည် လောကီစည်းစိမ်၊ လောကီချမ်းသာမျှကို သာ တောင့်တ၍ လွန်ကဲစွာပင် ဒါနသီလကို အားထုတ်၏။ လုံ့လပြု၏။ ထိုသူသည် ကိုယ့်ကိုကိုယ်ရှင်၊ သံသရာဝဋ်ဒုက္ခ၌ ရောင်းစားပေါင်နှံသောသူ မည်၏။

လူ့ဘုံ၊နတ်ဘုံ၊ ဗြဟ္မာ့ဘုံ သုံးပါးတို့ကို နှောင်အိမ်ကဲ့သို့ ပညာစက္ခုဖြင့် ရှုအပ်သည်ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်ကို လွန်ဆန်ကျော်နင်း၍ ထိုထိုဘဝ၊ ဝဋ်ဒုက္ခကို ရပါလို၏ဟု တဏှာဖြင့် တောင့်တသည်မှာ မှားလှ၏။

လောက၌ သန်း၊ ကြမ်းပိုး၊ မှက်၊ ခြင် ကိုက်မည်ကိုသာ လွန်စွာကြောက်၍ ကျား၊ ဘီလူး၊ ဆင် ကိုက်မည် စားမည် နင်းသတ်မည်ကို မကြောက်သော ဗာလပုထုဇဉ်ကကဲ့သို့ မီး လောင်မည်၊ လုံ့စူးမည်ကိုသာ လွန်စွာကြောက်၍ သံသရာ၌ ကမ္ဘာအဆက်ဆက် နစ်စေတတ်သော သက္ကာယဒိဋ္ဌိစွဲငြိသည် ကို မကြောက်ရှိခဲ့လျှင် ခွေး၊ဝက်နှင့်အတူ လူစော်မနံ အကျင့် တန် သူကန်းသာ ဖြစ်တော့သည် ဟူလို။

အနိစ္စ-ဒုက္ခ-အနတ္တအရကို သဘောမိမိ သိမြင်နိုင်လျှင် သမ္မာဒိဋ္ဌိမှတ်။

အကြင်ဗာလသည် အနိစ္စ-ဒုက္ခ-အနတ္တ ဧကန်မုချ မှန် သော ခန္ဓာငါးပါး သံသရာဝဋ်တရားကို သာသမီးဥစ္စာ မှတ် လေ၏၊ ထိုသို့ အနိစ္စ-ဒုက္ခ-အနတ္တခန္ဓာ သံသရာစဉ်လျက်

ငါ၏သမီး၊ ငါ၏သား၊ ငါ၏ဥစ္စာ ဖြစ်သည်ဟု စွဲယူထင်မှားသော ဗာလသည် ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်းသို့ ရောက်ရလေသည်။

တိရစ္ဆာန်အပေါင်းတို့တွင် ကေသရာဇာကို အမြတ်ဆိုထိုက်သကဲ့သို့ ထို့အတူ နိဗ္ဗာန်ရောက်စေတတ်သော တရားတို့တွင် ပညိန္ဒြေကို အထွဋ်ထား၍ ဘုရားဟောတော်မူသည်။

ခန္ဓာငါးပါး၊ ပရမတ္ထတရား ဧကန္တဖြစ်သည်ကိုလျှင် ဒိဋ္ဌမုတ္တက ဖြစ်လေသောကြောင့် ငါ့သမီး၊ ငါ့သား၊ ငါ့မယား၊ ငါ့လင်ဟု အထင်အယူအမှတ်လွဲသောကြောင့်ဆင်းရဲများစွာ တွေ့ရသည်ဟုမှတ်။ သမ္မာဒိဋ္ဌိဆေးတော်ကို မဝင်သမျှ ချမ်းသာရပြီဟုမဆိုထိုက်ဟူလို။

အစိန္တေယျ ဘုရားသခင်သည် ပစ္စည်းအာမိသဖြင့် လှူဒါန်းပူဇော်ခြင်းကို နှစ်သက်အားရတော်မမူ။ မဂ်လေးတန်–ဖိုလ်လေးတန် နိဗ္ဗာန်နှင့်လျော်သော အကျင့်ကို ကျင့်၍ ထိုအကျင့်ဖြင့် ပူဇော်ခြင်းကိုသာ နှစ်သက်အားရ ဝမ်းမြောက်တော်မူသောကြောင့် ကောင်းချီးပေးတော်မူသည်။

သူဌေးသူကြွယ် မင်းမိဖုရား၏ အဖြစ်ကို ရလွယ်၏။ ကလျာဏ ပုထုဇဉ်အဖြစ်ကို ရမည်ခဲလေစွ။ နတ်သမီး၊ နတ်သား၊ သိကြား၊ ဗြဟ္မာ၏အဖြစ်ကို ရလွယ်ဘိစွ။ ကလျာဏ ပုထုဇဉ်အဖြစ်ကို အလွန်တရာ ရခဲစွာ၏။ အဘယ်ကြောင့်

ဤသို့ စပ်ဆိုဘိသနည်း။ ခွေး၊ ဝက်မှစ၍ သတ္တဝါဟူသမျှ ကမ္ဘာအဆက်ဆက် သူဌေး၊ သူကြွယ်၊ မင်း၊ မိဖုရား၊ နတ်သမီး၊ နတ်သား၊ သိကြား၊ ဗြဟ္မာ၊ အကြိမ်ကြိမ် အဖန်ဖန်ဖြစ်သည်ကို ဘုရားသဗ္ဗညု ဟောတော်မူသောကြောင့် ဆိုသည်။

ပရမတ္ထ ဒေသနာတော် နည်းအားဖြင့်မူကား ဘုရားဟူသည်လည်း တရားပင်၊ တရားဟူသည်လည်း တရားရှင်းပင်။ သံဃာဟူသည်လည်း တရားရှင်းပင်၊ ရတနာ သုံးပါးဟူသည် ပရမတ္ထဓမ္မပင် ဟူလို။

သံသရာဝဋ်ဒုက္ခကို သုခချမ်းသာဟု ထင်မှတ်၍ သံသရာဝဋ် ဒုက္ခ ကျေနပ်မှန်သော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံသို့ ရောက်လို သောစိတ်ဖြင့် ကြီးစွာသော ကောင်းမှုကို ပြုပါငြားသော်လည်း မေတုန်အပြား ခုနှစ်ပါးတို့ကွင် သတ္တမေဓမထုနဓမ္မကို ပြုမှား၊ ကျင့်မှား၍ သံသရာဝဋ်ရှည်လျားစွာကမ္ဘာအဆက်ဆက် ယခုတိုင်တိုင် နစ်ကုန်ကြရကုန်သည်။

သက္ကာယဒိဋ္ဌိ မျိုးစေ့ရှိသော ဗာလသည် သက္ကာယဒိဋ္ဌိ မျိုးစေ့ရှိခြင်းအတူတူဖြစ်သော ဗာလကို ဆည်းကပ်မှီဝဲလျှင် သံသရာဝဋ်သာလျှင် အခါခါ နစ်ရလေသောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပြီးမြောက် ရောက်လိုကုန်သော သူတို့သည် ကြည်ရှောင်အပ်သော ဗာလ၊ ဆည်းကပ်အပ်သော ပဏ္ဍိတ၊ မြတ်နိုးရတနာ ပူဇော်ရာသော ပုဂ္ဂိုလ်ကို ပြတော်မူလို၍ အသေဝနာစဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ၊ ပူဇာစ ပူဇ

နေယျာနံ၊ ဇတ်မင်္ဂလမုတ္တမံဟု သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတို့တွင် ရှေးဦးတင်၍ ဟောတော်မူပေသည်။ ဤသို့ သတိရကြလေ ပေ။

(အန္ဓကိုဗာလဆိုတော်မူသည်။ ကလျာဏကအစ အရိယာ တို့ကို ပဏ္ဍိတဆိုတော်မူသည်။)

အကုသိုလ်ကံကို မဆိုလင့်ဦး။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၌ ပဋိသန္ဓေတစ်ကြိမ်မျှကို နေစေတတ်သော ကောင်းမှုကုသိုလ် ကံကိုပင်လည်း ရန်သူကဲ့သို့ကြောက်အပ်သည်ဟု ဟောတော်မူ ပြီ။ထို့ကြောင့် ပဋိသန္ဓေနေစေတတ်သောပါပဓမ္မ၊ကလျာဏ ဓမ္မ၊ကောင်းမှု-မကောင်းမှု နှစ်ခုစလုံးကိုပင်ရန်သူကိုကြောက် သည်ထက် လွန်ကဲစွာပညာဖြင့် ကြောက်အပ်သည် သတိရ ကြစေ။

လူ့ရွာ၊ နတ်ရွာ၊ ဗြဟ္မာ့ရွာသို့ အခါခါအခေါက်ခေါက် လိုသည်ဟု တဏှာဖြင့် တောင်တခဲ့သည်ဖြစ်လျှင် ဘုရားသခင် ၏ အမိန့်တော်ကို မနာမယူ မခံမူ၍ ဘုရားသခင်ကိုပုန်ကန် ၍ သံသရာ၌ အခါခါနစ်ရမည့်အကြောင်းကိုသာ မနေမနား လုံ့လအားထုတ်သော မဟာဗာလပုဂ္ဂိုလ်တို့၏ အပြုအမူ အကျင့်သာဟူရာတော့သည်။

ဗုဒ္ဓသာသနာတော်၌ ယထာဘူတဉာဏ်စက္ခုကိုမျှ မရ သော အန္ဓဗာလ ပုထုဇဉ်သည် ဤသို့ဆင်ခြင်ရာသည်။သူနခ သုနခီတို့လည်း ငါ၏ကိုယ်ဟုထင်ကြကုန်၏။ ခန္ဓာဟုမထင်ကြ

ကုန်။ ငါလည်း ငါ၏ကိုယ်ဟုထင်၏။ ခန္ဓာဟု မထင်နိုင်။ သုနခ သုနခီတို့နှင့် ငါသည် ဇာတိဇာတ်မျှသာ ကွဲလွဲချေ တော့သည်။ ဤသို့ ဆင်ခြင် ကြံစည်ပြီးနောက် သုနခ သုနခီတို့ထက်သာအောင် ယထာဘူတဉာဏ်စက္ခုကို ရအောင် လို့လုလွန်စွာပြုလေ။

ခွေးထီး၊ခွေးမထက်သာလိုလျှင်သူ့မြီးတိုးပွား၍ သူ့ကျွန် သူ့သပေါက်ဖြစ်ရမည်ကိုကြောက်သည်ထက် တဏှာလောဘ ရာဂတိုး၍ ကိုယ်ကျိုး ကမ္မာအဆက်ဆက် ယုတ်မည်ကို ကြောက်လေ့ရှိစေ။

ကေန္တမုချအားဖြင့်နတ်လူပြဟ္မာ သတ္တဝါဟူ၍မျှ မရမရှိဘဲ ကိုလျက် နတ်လူ ပြဟ္မာ သတ္တဝါဟူ၍ ကေန္တမုချရှိ၏ဟု—ရ၏ ဟု အယူဝါဒရှိသည်ကို အတ္တဝါဒဒိဋ္ဌိဟုမှတ်။ သက္ကာယဒိဋ္ဌိဟူ လည်းမှတ်။ အတ္တဝါဒဒိဋ္ဌိဟူသည် သက္ကာယဒိဋ္ဌိဟူသည်ကား သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့အန္တရာယ်ကြီး မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုမရနိုင်အောင် တားတတ်၊ဆီးတတ်သော မဟာဒိဋ္ဌိ ဖြစ်သည်။

ကမ္ဘာတိုင်း-ကမ္ဘာတိုင်း၊ ဘဝတိုင်း-ဘဝတိုင်းပင် ခွေးက ဝက်က ရနေကြ စက္ခုဖြင့်၊ ခွေးက ဝက်ကကြည့်နေကြဖြစ် သောအဖူ၊ အနီ၊အဝါ၊ အပြာ၊အစိမ်း အစရှိသော ရူပါရုံကို သာသော်လည်းကောင်း၊ ဣတ္ထိပုရိသမိန်းမ-ယောကျ်ား၊သမီး သားမယား၊ လင်ကိုသာသော်လည်းကောင်း၊ ရနေကြစက္ခု

ဖြင့်လည်း ကြည့်နေကြ မငြိးမငွေ့ တစေ့စေ့ကြည့်ရှု၍ တကျော ရာဂကို ပွားများစေ၍ နေမှားချေသည်ရှိသော် ခွေးဝက်နှင့် အတူတူ လူစော်မနံ နိဗ္ဗာန်နှင့်ဝေးသည်ဘက်ဝေး၍ ဘေး လွတ်နိုင်ကြတော့မည်မဟုတ်ကုန်ပြီ။

စိတ်စေတသိက်—ရုပ်ဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တခန္ဓာ သံသရာကို ပုဂ္ဂလ၊ သတ္တ၊ ဇီဝ၊ ပုရိသဟု၊ ငါ သူ ဘစ်ပါးဟု စွဲယူမှတ်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ဖြစ်လျှင်လည်း ဥမ္မတ္တကသဒိသ သူရူးနှင့်အတူတူဖြစ်တော့သည်။ ဥမ္မတ္တက သူရူးနှင့်အတူတူဖြစ်ခဲ့လျှင် ကျွဲ၊ နွား၊ ခွေး၊ ဝက်တို့နှင့် အတူတူ ပင် ဖြစ်တော့သည်။

တစ်ကြိမ်တစ်လီမျှပင် ထက်မြက်သန်လှစွာသော စိတ် စေတနာဖြင့်၊ ရုပံအနိစ္စံ၊ ရုပံအနိစ္စံဟူ၍သော်လည်း ကောင်း၊ ရုပံ ဒုက္ခံ—ရုပံဒုက္ခံဟူ၍ သော်လည်းကောင်း၊ ရုပံအနတ္တာ ရုပံ အနတ္တာ ဟူ၍သော်လည်းကောင်း ဖြစ်စေရသောသူသည် ရွှေ ဖြင့် ပြီးသောကျောင်းကြီးကို အကြိမ်ကြိမ်ဆောက်၍ အကြိမ် ကြိမ်အလှူကြီးကိုပေးရသည်ထက်လည်း အဆဆအခါက ဥတ္တမ လွန်မြတ်၏။ ရွှေ၊ ငွေ၊ ပတ္တမြားတို့ဖြင့် အတိပြီးသောစေတီ ကြီးကို အဆူဆူတည်ထား၍ အကြိမ်ကြိမ်မဟာဒါန ကောင်းမှု ကြီးကို ပြုရသည်ထက်လည်း အဆဆ သာလွန်းသေး၏။

မှချဇီဝတ္တ ပုရိသဟု မဆိုအပ်သော ရုပ်တရားနာမ်တရား ကို ဇီဝတ္တပုရိသဟု ဆွဲယူခေါ်ဝေါ် ပြောဆို မှတ်ထင်သည်

ဖြစ်လျှင် သာသနာတော်၌ မုချအရှုး၊ မုချအမိုက် မဟာ ဗာလုမ္မတ္တက ဖြစ်သည်။ သာသနာတော်၌ သည်ထက်တိုး၍ မိုက်နိုင်စရာမရှိပြီ။ အကုန်မိုက်ဖြစ်တော့သည်။

မဟာဥမ္မတ္တကဗာလ အရှုးကြီး အမိုက်ကြီးဖြစ်သည်။ သုံးလူ့ ထွဋ်ထား ဘုရားသခင်ပင် မတားဆီးနိုင်အောင် ရှုးသည် ဖြစ်၍ အရှုးကြီး မဆီးမတားနိုင်ပြီ ဟူလို။

အနီးအစပ်၌ ကြီးစွာသောရွှေအိုးကို ရစုရရန် ရှိလျက် မသိသောကြောင့် သမုဒ္ဒရာပင်လယ်ခြားရပ်၌ရှိသော ရွှေအိုး ကိုသာ တောင့်တ၍နေသော သူဆင်းရဲဗာလကဲ့သို့ မဂ်ဖိုလ် ရတနာရွှေအိုးကို ရထိုက်သော နဝမခဏနှင့် ပြည့်စုံပါလျက် ထိုသို့ ပြည့်စုံရကြောင်းကို မတွေ့ယျ လက်ထက်တော်၌ မဂ်ဖိုလ်ရလွယ်ပါလို၏ဟု ဆုတောင်းသည်ကား မှားလေစွ။

* * *

## မန်လည် မထေရ်မြတ်ကြီး

(ဒိဋ္ဌိဝိသောဓနေဝဏီရဂ္ဂဒီပနီမှ ကောက်နုတ်ချက်များ)

သစ္စာနုလောမိက ဝိပဿနာသမ္မာဒိဋ္ဌိ ယထာဘူတဉာဏ် မျိုးကို ပုထုဇဉ်တို့ မရနိုင်။ ဘုရားရဟန္တာ အရိယာတို့၏ဉာဏ်

သာဟူ၍ အချို့သော လူရှင်ရဟန်းတို့က ကြက်ကန်းစဲ့ပြော ဆို၍ နေလေ့ရှိကြကုန်သည်။

ထို့ကြောင့် အချို့သော ရှင်လူအရပ်သား အကြားအမြင် နည်းကုန်သော အပ္ပဿုတ–ဒုပည္ညပုဂ္ဂိုလ်တို့သည် ရုပ်နာမ်အရာ သင်္ခါရသဘောကို တစ်ရံတစ်ခါမျှ လက္ခဏာ သဘာဝအား ဖြင့် ထင်ရှားအောင် မသင်ရဘူး၊ မနာရဘူး၊ နှလုံးမသွင်း ရဘူးသဖြင့် အထူးမသိနိုင်ရကား လူကြီး သူကြီး၊ ဘုန်းကြီး ရဟန်းဆိုသူတို့ပြောလျှင် ဟုတ်တန်ရာ၏ဟူသော အမှတ်ကို စွဲ၍ ယထာဘူတဉာဏ်ကား ငါတို့ ပုထုဇဉ်အရာမဟုတ်၊ ဘုရား ရဟန္တာတို့၏ အရာသာဖြစ်သည်ဟု စိတ်ချ နှလုံးချ ရှိလာ ကြ၍ ယထာဘူတဉာဏ်ဖြစ်စရာ စကားကို ကြားရ နာရမည်ဆို လျှင် သေမည့်ကိုကြောက်သဖြင့် မနာလိုနိုင်အောင် ဖြစ်တော့ သည်။ နာမ်ရုပ်အရာ၊ ခန္ဓာအာယတနစသော ယထာဘူတ သဘာဝတရား စကားများကို ကြားရကောင်း၊ နာရကောင်း ဟူ၍မျှ မမှတ်မိနိုင်အောင် ဖြစ်တော့သည်။ ယထာဘူတဉာဏ် ဆို၍မှုလည်း မယုံကြည်နိုင်အောင်ရှိသူ များတော့သည်။

အလိမ္မာမဲ့သေးသော ဗာလ သူငယ်ကလေးသည် ရွှေပြ သော် မယူချင်၊ အသုံးမကျသော ပန်းကန်ကွဲကိုပြမှ ယူချင် ဘိသကဲ့သို့ ဖြစ်ကုန်သည်။ မသိမလိမ္မာသော သတ္တဝါတို့ကို ယထာဘူတဉာဏ်လမ်းပိတ်၍ တိတ်ဆိတ် ကွယ်ပျောက်အောင် ရောက်တတ်ရာရာ ပြောလေ့ရှိကြကုန်သဖြင့် မြတ်စွာဘုရား

အဆုံးအမသာသနာကို မိစ္ဆာလိမ်းလူး ညစ်ညူးပျက်စီးစေ ကုန်သော ရှင်ပေါ့၊ လူပေါ့တို့သာ များကြတော့သည်။

ယထာဘူတဉာဏ်ကို ဘုရားရဟန္တာတို့၏ ဉာဏ်သာဟူ၍ ဆိုသောသူ၊ ယထာဘူတဉာဏ်ကို လူတို့ မရထိုက်ဟု ဆိုသော သူတို့သည် ကျမ်းဂန်အရာ မလိမ္မာ၍ မိမိတို့လည်း နာမ်ရုပ် လက္ခဏာကို မသိမ်းဆည်းတတ်၊ မသိမ်းဆည်းစဘူး၊ ကျမ်း ဂန်ကို စိုးစဉ်းမတ္တ သင်ကြားဖူးပါသော်လည်း သင်ရုံမျှသာ အတ္ထသဘာဝကိုထင်နိုင်အောင် မသင်၊ ထင်ရကောင်းမှန်းမျှ လည်း မသိသဖြင့် မိမိတို့သဘောအတိုင်း ပြောဆိုကြသည် သာ ဖြစ်သည်။

အချို့ဆရာတို့ကလည်း ဝိပဿနာကုသိုလ်သည် မဂ်ကိုသာ ပေးတတ်၏။ မဂ်ကိုမပေးလျှင် တစ်စုံတစ်ခုသော လူနတ် သုဂတိအကျိုးလို မပေးတတ်ဟူ၍ ပြောဆိုကြသည်လည်း ရှိ၏။ ထိုသို့ပြောဆိုခြင်းသည်လည်း ကျမ်းဂန်နှင့် မလျော် သည်သာတည်း။

ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓောစသည် ဆိုတတ်၊ မြည်တတ်၊ အံတတ် ရွတ်တတ်ရုံနှင့်လည်း နာမ်ရုပ်ကို သိမ်းဆည်းတတ် သော နာမရူပပရိဂ္ဂဟဉာဏ်မဖြစ်၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ ဟေတုပစ္စယော စသည်တို့ကို ဆိုတတ် မြည်တတ် အံတတ် ရွတ်တတ်ရုံနှင့် ပစ္စယပရိဂ္ဂဟမဟုတ်ဉာဏ် မဖြစ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဆိုတတ်၊ မြည်တတ်၊ ရွတ်တတ်၊ အံတတ်ရုံနှင့် လည်း ဝိပဿနာဉာဏ်မဖြစ်သေး။

ယထာဘူတဉာဏ် ဖြစ်အောင်ကား ဆရာသမားတို့ထံ နားလည် လိမ္မာအောင် ရုပ်လက္ခဏာ၊ နာမ်လက္ခဏာတို့ကို သင်ခြင်း၊ နာခြင်း၊ မှတ်သားခြင်းကိုပြုလျက် သိုရုပ်လက္ခဏာ နာမ်လက္ခဏာတို့ကို ပိုင်းခြားသိမ်းဆည်း၍ သိနိုင်၊ မှတ်နိုင်၊ ဆောင်ကြဉ်းနိုင်သဖြင့် ငါကောင်၊ သူကောင်၊ လူကောင်၊ နတ်ကောင်၊ ကိုယ်ကောင် အတ္တရှာမရဘဲ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကွာ၍ ရုပ်သဘာဝ၊ နာမ်သဘာဝ ရုပ်ဖြစ်သည့်အတိုင်း၊ နာမ်ဖြစ်သည့်အတိုင်း မြင်တတ်၊ မှတ်တတ်၊ နှလုံးသွင်းတတ်၊ ဆင်ခြင်တတ်၊ သဘောကျတတ်သည်ရှိသော်သာလျှင် ယထာဘူတဉာဏ်ဖြစ်သည်ဟူ၍ မှတ်။

ဤယထာဘူတ ဉာဏ်ကား အိမ်ရာထောင်သူ လူတို့နှင့် အကွာကြီး အဝေးကြီးဟူ၍ ပြောလေ့ဆိုလေ့ ရှိကြကုန်သည်။ ထိုသို့ဆိုသော်လည်း မသိမလိမ္မာ၍ဆိုသည်သာ မှတ်၊ ရဟန်းဖြစ်စေ၊ လူဖြစ်စေ ရုပ်နာမ်လက္ခဏာတို့ကို အသေအချာ ဆရာသမားထံနာခံသင်ကြားရဖူး၍ သိတတ်၊နားလည်တတ်၊ နှလုံးသွင်းတတ်၍၊ နှလုံးသွင်းလေ့၊ ပွားလေ့၊ ရှုလေ့၊ပိုင်းခြားသိမ်းဆည်းလေ့ရှိကုန်သောသူတို့ကား ဤရုပ်နာမ်ကို သိမ်းဆည်းထားတတ်သော ယထာဘူတဉာဏ်ကို မဆိုနှင့်ဦး။ သောတာပန်၊သကဒါဂါမ်၊ အနာဂါမ် ရဟန္တာအဖြစ်သို့ပင် ရောက်ကြလေကုန်သော ဗိမ္ဗိသာရမင်း၊ မဟာနံမင်း၊သုဒ္ဓေါဒနမင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါ၊ နန္ဒမာတာ၊ ပုဏ္ဏကျွန်မ ဤသို့စသည့် အနန္တပရိမေယျ အဆုံးအစမရှိ များကုန်သည်။

သဒ္ဓါတရား အားကြီးထက်သန် ဝိပဿနာတရားကိုလည်း အားထုတ်လိုလားတတ်သော ပုဂ္ဂိုလ်အား သွားစဉ်၊ ရပ်စဉ်၊ ထိုင်စဉ်၊ စားစဉ် မဂ်ဖိုလ်ကို ထုံးထွင်း၍ သိခြင်းမဖြစ်ဟု မဆိုရာဟူ၍ မူလပဏ္ဏာသဋ္ဌကထာ မဟာသာရောပမသုတ် အဖွင့်တွင်လည်း မိန့်ဆိုတော်မူသည်။

မလိမ္မာသူ ရှင် လူ ရဟန်းတို့စကားကိုကြားရ၊ နာရသဖြင့် ယသာဘူဘညာဏ်၊ ဝိပဿနာဉာဏ်တို့မှာ ငါတို့အရာ မဟုတ်စွာဟူ၍ စိတ်ချ၊ နှလုံးချ ဓူရနိက္ခေပဖြစ်၍ ရှိနှစ်သည့်ဖုံးသော ပဏ္ဍမြှားတုံးပမာ ဝါသနာရှိလျက် ဝါသနာပျက်၍ မဂ်အကြောင်း၊ ဖိုလ်အကြောင်း ကောင်းကောင်းကြီး ဝေးကွာ ရှိနေရှာကြတော့သည်။

ထို့ကြောင့်သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့သည်။ တစ်ရံတစ်ခါမျှမကွာမကင်းစဘူး၊ ကွာကင်းရကောင်းမျှမသိ ကင်းရမည့် တရားစကားကိုမျှ မကြားမနာဝံ့အောင် ရှိလျက် ငါကောင်၊ သူကောင်၊ ကိုယ်ကောင်၊ အသက်ကောင်၊ မိန်းမကောင်၊ ယောကျ်ားကောင်၊ လင်ကောင်၊ မယားကောင် ဟူ၍သာ အမှတ်ကြီး မှတ်ယူစွဲလမ်းခြင်းဖြင့် ပြင်းစွာစွဲလမ်း၍ ပြောဟောခေါ်ဆိုတိုင်းသော ဝေါဟာရပညတ်မျှကိုသာ အကယ်စင်စစ် အစွဲကြီးဖြစ်၍၊ ငါကောင်၊ သူကောင်၊ ကိုယ်ကောင်၊ အသက်ကောင်မှတစ်ပါး ရုပ်နာမ်ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်၊ ပစ္စည်း ပစ္စယုပ္ပန်

တရား၊သဘာဝတို့ကို မှတ်ရ၊နှလုံးသွင်းရကောင်းသည်ဟူ၍မျှ မထင်နိုင်အောင် ရှိသတည်း။

ရုပ်နာမ်တို့၏ လက္ခဏာ ခန္ဓာ စသည်တို့ သဘောကိုမသိ၊ အလိုရှိတိုင်းပြုနိုင်သော ငါကောင်၊ သူကောင် အကောင် သတ္တဝါဟု မှတ်ယူစွဲလမ်းခြင်းကား ဒိဋ္ဌိဂါဟ၊ အတ္တသညာ မိစ္ဆာစွဲလမ်းခြင်းသာ ဖြစ်သည်။

## (အနိစ္စ ဝိပဿနာ)

သေသည့်တိုင်အောင် ပဝတ္တိအခါ၌ ကံ၊စိတ်၊ ဥတု၊ အာ ဟာရဟူသော အကြောင်းတို့သည် မမြဲသောကြောင့် ၎င်း ပဝတ္တိ ရုပ်နာမ် ခန္ဓာဟူသော အကျိုးတရားတို့သည်လည်း စင်စစ် မမြဲသည်သာလျှင်ဖြစ်၍ ဖြစ်ရာကာလဖြစ်သော ခဏ၌ သာ ကုန်တတ်၊ ပျောက်တတ်သောကြောင့်မမြဲ၊အနိစ္စံ ခယဋ္ဌေ န၊ အနိစ္စံ ခယဋ္ဌေနဟူ၍ ကာလအနိစ္စ ခဏအနိစ္စလ က္ခဏာ တို့ကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။

## (ဒုက္ခ ဝိပဿနာ)

မီးသို့ကျသော သစ်ရွက်သစ်ခက် စသည်တို့သည် ကျသော ခဏကစ၍ညှိုးခြောက်ကျွမ်းကျေပျောက်ပျက်လေကုန်သကဲ့သို့ ထိုရုပ်၊နာမ်၊ခန္ဓာတို့သည်လည်းပဋိသန္ဓေဖြစ်စကစ၍ဘဝတိုင်း၊

ဓာလတိုင်း၊ အစဉ်တိုင်း၊ ခဏတိုင်း ရင့်ဟောင်းဆွေးမြေ့စုတေပျက်ချုပ်သည်သာဖြစ်၍ ဖြစ်ပျက်၊ဖြစ်ပျောက်ဘေးအတိရောက်သဖြင့်ကြောက်မက်ထိတ်လန့်ဖွယ်သာဖြစ်သောကြောင့် ဆင်းရဲအတိ၊ ဆင်းရဲအတိ။ ဒုက္ခဘယဋ္ဌေန၊ ဒုက္ခဘယဋ္ဌေန ဟူ၍ ဒုက္ခလက္ခဏာကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။

## (အနတ္တ ဝိပဿနာ)

မိမိတို့အကြောင်းအားလျော်စွာဖြစ်လျက် မိမိသဘောအလျောက် ရင့်ဟောင်းဆွေးမြေ့၊ စုတေချုပ်ပျက်၊ ဖြစ်ပျက် ဖြစ်ပျောက် ဘေးအတိသာ ရောက်သည်ဖြစ်၍ မြဲမြံချမ်းသာအောင်ပြုနိုင်၊ စီရင်နိုင်သော ငါကောင်၊ ကိုယ်ကောင်၊အသက်ကောင်၏အဖြစ် အနှစ်သာရမရှိသောကြောင့် ငါမဟုတ်၊ ကိုယ်မဟုတ်။ အနတ္တာအသာရကဋ္ဌေန၊ အနတ္တာအသာရကဋ္ဌေနဟူ၍ အနတ္တလက္ခဏာကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။

သဘာဝတရားကို တစ်ရံမျှမနသာဘူး၊ သပ္ပုရိသစက်ထူးနှင့် မကြုံဘူးရသေး။ ရှေးကောင်းမှုချို့တဲ့၊ စက်သမ္ဘာဘုန်းမဲ့သော ပုထုဇဉ်ပုဂ္ဂိုလ်တို့ကား မိဘစဉ်လာ သတ္တဝါတို့အလေ့၊ စွဲမှတ်၍သာ ပညာအလင်း သက်သက်ကင်းသဖြင့် တွင်းမမြင်၊ကျင်းမမြင်၊သူကန်းရှုးအသွင်ကဲ့သို့ထင်သမျှစွဲသမ်းညှိခန္ဓာညစ်ညမ်း၏။ ယုတ်မာမှုန်းသက်သက်ကို အိပ်မက်မျှ

မမြင်သောကြောင့် သုဘာဿည္ဘာ၊ မိစ္ဆာဝိပလ္လာသ၊ တစ်ေ
တစ်ဆစ်မျှ မပျောက်မကွာ နိုင်ကုန်သည်သာတည်း။

သုဘာဿည္ဘာ၊ မိစ္ဆာဝိပလ္လာသ၊ မကွာတတ်က တဏှာမာန
ဒိဋ္ဌိ၊ ကပ်ငြိထောင်လွှား၊ ယူမှားခြင်းနှင့် မကင်းမကွာသေ
ကြရှာသော သတ္တဝါဟူသမျှတို့ကား အပါယ်စသော ဒုက္ခ
ဝဋ်မှ မလွတ်ကုန်ပါ ဓမ္မတာတည်း။

သက်ရှိသက်မဲ့၊ သိမ်းဘွဲ့ရောရှ၊ အမှိုက်စုဝဋ်မီးစာ၊ လောင်
စရာကျွမ်းစရာ နှစ်မွန်းဖို့ဖြစ်လာသော သတ္တဝါသင်္ခါရ၊ ထင်
သမျှအာရုံ ပြည့်စုံသမျှ ကာမဝတ္ထုတို့၌ နိစ္စ၊ သုခ၊ အတ္တ
သုဘ၊ ကေန္တဟု အန္တဗာလ၊ လာမကပုထုဇဉ်၊ ဉာဏ်အမြင်ကန်း
ကုန်သော သတ္တဝါသာမန်တို့ အလေ့အမူအယူအထင်၊ ငါ့
လင်၊ ငါ့မယား၊ ငါ့သား၊ ငါ့သမီး၊ ငါ့ထီးငါ့နန်း၊ ငါ့
သကန်း ငါ့ဆွမ်း၊ ငါ့ကျောင်းငါ့လေ့လောင်း၊ ငါ့လှည်းယာဉ်၊
ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟူ၍ တဏှာအားဖြင့် တပ်မက်သာ
ယာ၊ မာနအားဖြင့်မြောက်ကြွထောင်လွှား၊ ဒိဋ္ဌိအားဖြင့်ယူမှား
စွဲလမ်း ဒုစရိုက်အကျင့်သွမ်းတို့ဖြင့် ဟောင့်ရမ်းယစ်မူး၊ မိုက်မူး
ပိတ်ပိတ်၊ တိရစ္ဆာန်အဟိတ်တို့ကဲ့သို့ အအိပ်အစား၊ အပျော်
အပါးနှင့် တရားလက်ကွာ တဏှာလက်ရှိဒိဋ္ဌိလက်စွဲ၊ မေ့လျော့
ခြင်းမြဲကြသော လူရှင်ရဟန်း၊ မိန်းမ ယောကျ်ား၊ မင်း၊
ပုဏ္ဏား စသောသူတို့ကား ပစ္စုပ္ပန်ဘဝ၌ သုခသမ္ပတ္တိ ပျက်စီး
သေလွန်ပြီးနောက်ကာလ၊ တမလွန်ဘဝ၌လည်း အပါယ်စ
သော ဆင်းရဲတို့ကို ရမြဲစင်စစ် ဧကန်ဖြစ်၏။

အင်္ဂုတ္တရအဋ္ဌကထာ၌ကား ကျောက်ဇရစ်မှန်က ရေမှာကျသော မုချစင်စစ် အောက်သို့နစ်သကဲ့သို့ ထို့အတူမိစ္ဆာအယူမှန်က သက္ကာယဒိဋ္ဌိမျှလည်း ငါ့ကိုယ်ငါ့ကောင်၊ စွဲယောင်စွဲမှား စွဲလမ်းသောအားဖြင့် စွဲလမ်း၍ သေသော် မချွတ်အပါယ်သို့ လားရကြောင်းကို မိန့်ဆိုတော်မူသည်။

* * *

## လယ်တီ မထေရ်မြတ်ကြီး

(လယ်တီ ဒီပနီများမှ ကောက်နုတ်ချက်များ)

သာသနာတွင်း၌ကား ဒိဋ္ဌိဇုကမ္မသမ္မာဒိဋ္ဌိ မျက်စိရှိရုံမျှနှင့် ကလျာဏပုထုဇဉ် မခေါ်လောက်သေး။ ပိဋကတ်ကျမ်းဂန် ကျေပွန် နှံ့စပ် စာပေတတ်သော ပရိယတ် မျက်စိပေါက်ရုံမျှနှင့်လည်း ကလျာဏပုထုဇဉ် မခေါ်လောက်သေး။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ခွာရှဲရာသော ဓာတုစက္ခု၊ ပစ္စယစက္ခုနှင့်တကွ ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိပေါက်မှသာလျှင် ကလျာဏပုထုဇဉ် အမှန်ခေါ်ထိုက်သည်။

ဝိပဿနာမှုသည် ဉာဏ်ပညာမှုဖြစ်၏။ ဉာဏ်ပညာ အဟုတ်အဟပ် ထိုးထွင်း၍ပေါက်အောင် ထင်မြင်နိုင်ပေလျှင် ကိစ္စ

ပြီး၏။ ထို့ကြောင့် ဉာဏ်ပညာထက်သန်သော ပုဂ္ဂိုလ်တို့မှာ ထို ကာယဂတာသတိ ပွားများမှုကို အထူးအားမထုတ်သော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကောင်းကောင်း ထင်မြင်၍ သွားလျှင် ပြီးစီးပါ၏။

မျက်စိမြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ်ဖြစ်သည်။ အဘိဓမ္မာကျမ်းဂန်တတ်၍ ဓမ္မသဘာဝတို့ကို နေရာကျ သိနိုင်သော သကောယုတ္တိ ဉာဏ်မျိုးသည် ဝိပဿနာဉာဏ်မဟုတ်၊ သုတမယဉာဏ်သာတည်း။ ဝိပဿနာဉာဏ်ကား စိန္တာမယဉာဏ်တည်း။ ယခုကာလ၌ကား သုတမယဉာဏ်အနေနှင့် ထင်မြင်မှု၊ နှလုံးသွင်းမှုကိုပင် ဝိပဿနာဉာဏ်ဟု ထင်မှတ်၍ နေကြသူ များ၏။

အဘိဓမ္မာ၌ အစေ့အစပ် တတ်သိသိမှာ၍ သုတမယဉာဏ်ဖြင့် သဘောသကန်ကို မြှော်ဆ၍ သုတမယယုတ္တိ၌ အနိစ္စ အခြင်းအရာကို ဆင်ခြင်မှု၊ ဟောပြောမှု၊ ကျမ်းစာတတ်အုပ် ရေးသားမှုများသည်လည်း သုတမယဉာဏ်အမှုသာတည်း။

ပညာရှိတို့၏ သိမှု၌လည်း

(၁) သုတမယဉာဏ်သိ

(၂) စိန္တာမယဉာဏ်သိဟူ၍ ၂—ပါး ရှိ၏။

၁။ အဘိဓမ္မာ ကျမ်းဂန်တို့ကို ကောင်းစွာ တတ်လှ၍ သဘောသကန် ကျေလည်ချောမောအောင် ပြောတတ်၊ ဟော

တတ်၊ ချတတ် ပို့တတ်ဆုံးဖြတ်တတ်မှု၊ သိမှုကား သုတမယ ဉာဏ်သာတည်း။ ဤသိမှုကား ဝိပဿနာဉာဏ်မျိုးမဟုတ်၊ ပရိယတ္တိဉာဏ်မျှသာတည်း။

၂။ ထိုပရိယတ္တိဉာဏ်တည်၍၊ ထိုဉာဏ်ဖြင့် သိသည့်အတိုင်း ရှုကြည့်ဖန်များလတ်သော် ထိုခြေဖဝါးပူနွေးမှု၊ အေးချမ်းမှုတို့၌ မျက်စိဖြင့်မြင်ဘိသကဲ့သို့ ရုပ်ခန္ဓာတစ်ခြား၊ နာမ်ခန္ဓာတစ်ခြား ကွဲကွဲပြားပြား ထင်မြင်မှုသည်ကား စိန္တာမယဉာဏ် သိမြင်ဉာဏ်မည်၏။ ဘာဝနာမယဉာဏ်လည်း ဆိုရ၏။ (ဤသိမှု မြင်မှုသည်သာလျှင် ဝိပဿနာဉာဏ်မည်၏။)

(ဤဘာဝနာအရာ၌ ဤသို့သော စိန္တာမယဉာဏ် အသိအမြင်ကိုသာ လိုအပ်၏။ စိန္တာမယဉာဏ် အသိအမြင်သည်သာလျှင် ဒိဋ္ဌိကိုပယ်သတ်နိုင်၏။ ဤကား သုတမယဉာဏ်၊ ဝိပဿနာဉာဏ် ၂-ပါး ခြားနားချက်တည်း။)

နာမ်ရုပ်၌ ပိုင်နိုင်သည်ရှိသော် ဗြဟ္မစရိယကိစ္စအပြီး တိုင်လေ၏။ ယခုဘဝ၌လည်း ဘယ်သီလလိုသေးသည်၊ ဘယ်သမာဓိလိုသေးသည်၊ ဘယ်ပညာလိုသေးသည်ဟု ကြောင့်ကြပူပန်ဖွယ်မရှိပြီ။ သံသာရာ၌ သီလမှု၊ သမာဓိမှု၊ ပညာမှု၊ ရသေ့လုပ်မှု၊ ရဟန်းလုပ်မှုသည် ကြီးကျယ်သော ဒုက္ခမှုကြီးဖြစ်၏။ အနမတဂ္ဂသံသရာ၌ အခါပေါင်း အနန္တ ထိုဒုက္ခကိုပြုခဲ့လှလေပြီ။ အပြီးမတိုင် တစ်ပိုင်းကြောင်ချည်း ဖြစ်ခဲ့၍ အပါယ်ငရဲသို့တလဲလဲပြန်၍ ကျသည်သာဖြစ်၏။

နာမ်ရုပ်တရားတို့၏ ဖြစ်မှု၊ ပျက်မှုမှာမူကား လျှပ်တစ်ပြက် အတွင်းမှာ အကြိမ်တစ်ရာ၊ တစ်ထောင်မက ဖြစ်နိုင် ပျက်နိုင် သည်။ ထိုသို့သော ခဏိကအချက် ဖြစ်ပျက်မှုတို့သည်ကား သတ္တဝါတို့၏ ဉာဏ်အမြင်မှာ ပိုင်းခြား၍ ထင်မြင်နိုင်သော အရာစု မဟုတ်ကုန်ပြီ။ မသင်မြင်နိုင်သော အရာကို ဝိပဿနာ၏ အချက်အကွက်ပြု၍ ရှုသည်ရှိသော် အနှစ်တစ်ရာ၊ အနှစ်ဘစ် ထောင်ပင် ရှုသော်လည်း ဝိပဿနာဉာဏ် ဒဿန အကျူမြူမျှ ဖြစ်ခွင့်မရှိ၊ သမ္မောဟဒုက္ခသာ ဖြစ်ခွင့်ရှိလေသည်။

အဘိဓမ္မာအရာ၌ သဘောယုတ္တိနှင့်တကွ ဝိထိလက်ရိုးများကို အလွန် ရေလည်လှသည်ဖြစ်၍ အဘိဓာဘာဝင် ဘဂေ် စသန ဘင်္ဂပစ္စဝေဒပစ္စဒ္ဒါရဝင္ဂန်း စသည်တို့၏ ဥပါဒ်ဋ္ဌိဘင်ခဏိက အစဉ်ဖြစ်ပုံ၊ ချုပ်ပုံကိုများစွာသော သဘောယုတ္တိတို့နှင့်တကွ အသက်ထက်ဆုံး ချပ်ိုဟောပြော၍ နေငြားသော်လည်း ထို ပုဂ္ဂိုလ်၏မြင်မှုသည် ဖြစ်ထိုက်သော သဘာဝယုတ္တိကိုမြင်မှုသာ ဖြစ်သည်။ ဝိပဿနာ မြင်မျိုးပင်မဟုတ်။ ဝိပဿနာမြင်မျိုးနှင့် အလွန်ပင်ဝေးကွာ၏။ သို့ပါလျက် ထိုကဲ့သို့သော ခဏိကဓမ္မ အစီအစဉ်၊ အဖြစ်အပျက်တို့ကို နေရာကျသိဘာတ်မှ ဝိပဿနာ မှုကို နေရာကျသိနိုင်မည်ဟု ထင်မှတ်ပြောဆိုကြသော အရာ များသည် နေရာကျ အချက်မသိကြီး မသိလှ၍ ထင်မှတ်ပြော ဆိုနေကြသော အရာသာဖြစ်သည်။

ဝိပဿနာကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ် လုပ်ရင်းလည်းဖြစ်နိုင်၏၊ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏။ လှေ

သွားရင်း၊ လှည်းသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းဝယ်ရင်း အစရှိသဖြင့် အိမ်အလုပ် အိမ်စီးပွားရေးနှင့် ဖက်တွဲနိုင်သတည်း။

ဘုရားလက်ထက်တော်က သမထကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင်လုပ်နိုင်သောသူသည် အလွန်နည်းလှ၏။ အိမ်၌နေ၍ အိမ်စီးပွားရေးနှင့်ဖက်တွဲ၍ စွဲမြဲကြသူ အလွန်များ၏။ ထိုစကားမှန်၏။ သမထကမ္မဋ္ဌာန်းပေါက်ရောက်သူ လူ၌အလွန်နည်းလှ၏။ ရဟန်းကို၌သာ များ၏။ ဝိပဿနာကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန် အရိယာဖြစ်ကြသူကား လူ၌အလွန်များလှ၏။

ရုပ် ၂၈ ပါးတွင် ဓာတ်ကြီးလေးပါးကို ပိုင်ပိုင်နိုင်နိုင်သိနိုင်ပေလျှင် ရုပ်၌ ဉာတပရိညာကိစ္စပြီးနိုင်၏။ နာမ်၌လည်း ဝိညာဉ်တစ်ပါး၊ ဝေဒနာတစ်ပါး၊ သညာတစ်ပါး၊ စေတနာတစ်ပါး ဤလေးပါးတို့ကိုပိုင်ပိုင်နိုင်နိုင်သိနိုင်ပေလျှင် နာမ်၌ဉာတပရိညာကိစ္စပြီးနိုင်၏။

ဝိပဿနာတင်ရှုရန်တရားမှာလည်း ရုပ်တရားစုတွင် ဓာတ်ကြီးလေးပါးသည်သာ လိုရင်းဖြစ်၏။ နာမ်တရားစုမှာလည်း ဝိညာဏ် ခြောက်ပါးဟူသော စိတ်သည်သာ လိုရင်းဖြစ်၏။

သောတာပန်ဖြစ်၍နေသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ငါသောတာပန်ဖြစ်ပြီဟု အမှန်အားဖြင့် သိနိုင်ခဲ၏။ အဘယ့်ကြောင့်နည်းဟူမူ ကိလေသာတို့၏ အနုသယ အခိုက်အဘန့်နက်နဲလှသောကြောင့်တည်း။

သက္ကာယဒိဋ္ဌိရှိနေကြကုန်သောသူတို့သည် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံမှာ နေကြကုန်သော်လည်း အပါယ်သို့ ဦးခေါင်း ငိုက်စိုက်နှင့်ချည်း နေကြကုန်၏။ ဦးခေါင်းဇောက်ထိုး ခြေမိုး မြှော်နေကြကုန်၏။

ပဋ္ဌာန်း ၂၄-ပစ္စည်းကိုမူကား (မောင်သော်)နားလည်နိုင် တည့်ရန် အခွင့်အလမ်းမရှိ။ ဝိပဿနာအလုပ်မှာလည်း သုံး နိုင်သောနည်းမျိုး မဟုတ်။ ပဋိသမ္ဘိဒါဉာဏ်၏ အလုပ်သက် သက်မျှသာ ဖြစ်ပေ၏။

ထိုမှတစ်ပါးပဋ္ဌာန်းဒေသနာတော်အရနှင့် အနတ္တအချက် တို့ကိုပြဆိုရန် အလွန်ကြီးကျယ်လှ၏။ သဗ္ဗညုတ ဉာဏ်တော် အရာသာဖြစ်သည်။ ဝိပဿနာယောဂီပုဂ္ဂိုလ်မှာ အကုန်လိုရင်း မဟုတ်၊ တစ်စိတ်တစ်ဒေသနှင့် အနတ္တထင်လျှင် ပြီးတော့ သည်။

ဤခေတ်လေးပါးကို ဘုရား၏နည်းလမ်းနှင့် အထင်အမြင် ထိုးထွင်း၍ ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကုတ္တရာ အရိယာဝိဇ္ဇာလမ်းပေါက်၏။ ဝိဇ္ဇာတို့ နည်း လမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကီဝန္တာရီ ဝိဇ္ဇာလမ်းပေါက်၏။ အလတ်သောလောကီ နည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင် လျှင် ဆေးလမ်း၊ ဓာတ်လမ်း၊ စက်ကရိယာလမ်း ပေါက်၏။

ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသောသူမှာ အဘိဓမ္မာနည်းမလို၊ ပညာပါရမီပွားများဖို့၊ ပဋိသမ္ဘိဒါ ဉာဏ်ပွားများဖို့ ရောဂသော အဘိဓမ္မာနည်းလိုသည်။ မြတ်စွာဘုရားသည်လည်း အဘိဓမ္မာနည်းကို တာဝတိံသာ၌ တစ်ခါ၊ စန္ဒကူးတောတွင် ရှင်သာရိပုတ္တရာကို တစ်ခါသာဟောလေသည်။ သည့်ပြင် ဘယ်သတ္တဝါကိုမျှ အဘိဓမ္မာနည်းနှင့် ဟော၍ ချွတ်သည်ဟူ၍မရှိ။ တာဝတိံသာတွင် အဘိဓမ္မာဟောစဉ်အခါမှာလည်း နတ်၊ ပြဟ္မာတို့ကို သုတ္တန်နည်းညှပ်၍ ညှပ်၍ ချွတ်ရသည်။

အဘိဓမ္မာနည်းမည်သည်ကား မဂ်ဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့အား ပဋိသမ္ဘိဒါဉာဏ် ပွားစီးရန်အကျိုးငှာ ဖြစ်၏။ တရားအစိပ်အလီ များပြားလှသောကြောင့် ပုထုဇဉ်တို့ကမ္မဋ္ဌာန်းအရာနှင့် သက်ဝင်နိုင်သောနည်းမဟုတ်။

အဘိဓမ္မာခုနစ်ကျမ်းကိုတတ်၍ ပရမတ်စကား တစ်သက်လုံး ဟောချပို့၍နေငြားသော်လည်း ခေတ်ကွဲအောင် မမြင်တတ်လျှင် အဘိဓမ္မာစာတတ်၊ ကျမ်းတတ်ဟုတ်၏။ အဘိဓမ္မာကို မြင်သောသူမဟုတ်။ ပရမတ်ကို မြင်သောသူမဟုတ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကမ္မဋ္ဌာန်းစကားကို တစ်သက်လုံး ပြောဟော၍ စီးဖြန်း၍ နေငြားသော်လည်း ပရမတ္ထမရကာကို၊ ပရမတ္ထနိရောဓကို မမြင်တတ်လျှင် ဝိပဿနာဉာဏ် တစ်ရံတစ်ဆစ်မျှ မြင်ဖူးသော သူမဟုတ်။

ပကတိကပင် ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍မရှိ။ ရုပ်နာမ်သက်သက်သာရှိသည်ဟုယူသောသူတို့မှာ သံသရာစက် ပြတ်လေ၏။ ရုပ်၊ နာမ်အဆက် ပြတ်လေ၏ဟုယူ၍ ဥစ္ဆေဒဒိဋ္ဌိမဖြစ်။သမ္မာဒိဋ္ဌိသာဖြစ်သတည်း။

ရုပ်တရားတို့ကို နိသတ္တ၊ နိဇ္ဇီဝ၊ တုစ္ဆ၊ သုညသဘောများကို ဆိုခဲ့တိုင်းသော အစီအရင်ဖြင့် ထင်မြင်နိုင်ပေမူကား ထိုထိုရုပ်တရားတို့ထက် အဆများစွာအားနည်းပါးသောစိတ်၊ စေတသိက်ဟူသော နာမ်တရားတို့၏လည်း နိသတ္တ၊ နိဇ္ဇီဝ၊ တုစ္ဆ၊ သုည သဘောများသည် အလိုလို ထင်ရှားလာလတ္တံ့။

ရုပက္ခန္ဓာသည် ခေတ်မျက်စိမရှိသော အန္ဓဗာလပုထုဇဉ်သတ္တဝါတို့အား အနှစ်သာရအနေနှင့် လှည့်ပတ်၍ ကြီးစွာသောအပြစ်ဒုက္ခကို ဖြစ်စေ၏။ သက္ကာယဒိဋ္ဌိ ရှိကြသော သတ္တဝါတို့မှာမူကား ယခုနေ့ နတ်မင်းကြီး၊သိကြားမင်းကြီး၊ နက်ဖြန်ခါ ခွေး၊ ဝက်၊ ခြ၊ ပုရွက်၊ သန်း၊ ကြမ်းပိုး။ယခုနေ့ သီလဝန္တကြီး၊ နက်ဖြန်ခါ ဓားပြ သူခိုး၊ မုဆိုး၊ တံငါ၊ ယခုနေ့ စျာန်အဘိညာဉ်ရ သမာပတ်ရင်ကြီး၊ နက်ဖြန်ခါ ပွဲသဘင်အလယ်မှာ လူပျက်ကြီး။ ယခုနေ့ ကျမ်းတတ်၊ဂန်တတ်၊ ပညာရှိကြီး၊ နက်ဖြန်ခါ အရူးအသွပ် ဥမ္မတ္တကလူအ၊ လူနှမ်းကြီးဖြစ်နိုင်သောသဘော ရှိကုန်၏။

ဤသံသရာ၌အယုတ်တမာဆိုးဝါးစွာသော အပြစ်ဟူသမျှတို့သည် အတ္တဒိဋ္ဌိမှချည်း ထွက်ကုန်၏။

ကောသလ္လ ခုနစ်ပါးတို့၌ ကောသလ္လအဖြစ်သို့ရောက်ခြင်းငှာ ကောင်းစွာအားထုတ်၍နေသောသူသည် ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံကို တမင်ဆောက်တည်ဖွယ် ကိစ္စမရှိ။ ဘုရားသွားဖွယ် ကိစ္စမရှိ။ ထိုအလုပ်ကို အားမထုတ်နိုင်သော သုတသရဏဂုံသမားတို့၏ အမှုသာတည်း။

ဝိသုဒ္ဓိမဂ်မှာ ရူပသတ္တကအစီအရင် နာမသတ္တကအစီအရင်တို့ဖြင့် အနုသာသနီတော်များကို ပြဆိုသော်လည်း ဆရာနေရာကျ လက်ထပ်ပြ၍ ဆုံးမမည့်သူ ရှိးဦးမှ နေရာကျနိုင်သည်။ ယခုအခါ၌မူကား နေရာကျကျ လက်ထပ်ပြမည့်သူကို တွေ့ခြင်းငှာ ခဲယဉ်းလှချေ၏။

အဘိဓမ္မာ ဒေသနာတော်နည်းသည် ဉာဏ်တော်၏အဟုန်ကို အစွမ်းကုန်လွှတ်၍ ဟောတော်မူသောနည်း ဖြစ်လေသောကြောင့် ဝေနေယျသတ္တဝါတို့အား ကျွတ်တန်းဝင်စေခြင်းငှာ မစွမ်းနိုင်။ ဝေနေယျသတ္တဝါတို့၏ ဉာဏ်သည် သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာ ဖြစ်သော အဘိဓမ္မာ ဒေသနာနည်းကို မှီအောင်မလိုက်နိုင်။

သမ္မုတိ အထင်အမြင်ကြီးကို မဖျောက်နိုင်သမျှ ကာလပတ်လုံး ပရမတ္ထ ဓာတ်သားအစစ်နှင့် အနတ္တသဘောကို ပေါ်လောပေါ်အောင် မြင်နိုင်ကြမည် မဟုတ်ချေ။

ယခုဘဝ၌ မြေလျှိုးမိုးပုံ့ ဗျာန်ရ အဘိညာဉ်ရတိုင်းကျော် ပြည်ကျော် သူတော်ကောင်းကြီး၊ နောက်နောင်ဘဝ၌ ဓားပြ

သူခိုး၊ မုဆိုး၊ တံငါ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်ဘုံသား ဤသို့ဖြစ်၍လာခဲ့ကြသည်။

မိုက်မှုမှာခဏ၊ တစ်ထောင်တစ်ရာ၊ အလိမ္မာမှုမှာ တစ်ခဏ ယခုဘဝ၌ လောကအလိမ္မာ၊ ဓမ္မအလိမ္မာ၊ စာပေပိဋကတ် ကျမ်းတတ်အကျော် ဆရာတော် သမားတော်၊ နောက်နောင် ဘဝ၌ ဗာလမုဋ္ဌ ဥမ္မတ္တက၊ သုနခ၊ သန်း၊ ကြမ်းပိုး။

ယခုနေ့တွင် လေးကျွန်းဘုရင် စကြာရှင်၊ နက်ဖြန်အဝိစိ။ ယခုနေ့မှာ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝ ။ နက်ဖြန်ခါတွင် ခွေး၊ ဝက်၊ ကြက်၊ ငှက်။

ယခုအခါ ဤကမ္ဘာ၌ မေတ္တေယျဘုရားတစ်ဆူသာ ကျန် ရှိတော့သည်။ နောက်ကိုလည်း သုညကမ္ဘာတွေ များစွာလာ ပြီးမှ ဗုဒ္ဓုပ္ပါဒကမ္ဘာ လာတော့မည်။ ယခုတွေ့ကြုံ၍ နေဆဲ ဖြစ်သော အရှင်ဂေါတမသာသနာကို လွန်၍သွားသော သူတို့သည် မေတ္တေယျ ဘုရားတစ်ဆူကို မဆိုထားလင့်ဦး။ နောက်ကို ဘုရားပေါင်းတစ်ရာကိုပင် လွဲနိုင်ကြကုန်သေး၏၊ ဘုရားပေါင်း တစ်ထောင်၊တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း ကိုပင် လွဲနိုင်ကြသေး၏။ အဘယ်ကြောင့်နည်းဟူမူ တွေ့ကြုံ ရန်လမ်းကား တစ်လမ်းသာရှိ၏။ လွဲကြရန် လမ်းကား အသင်္ချေပေါင်း အနန္တရှိ၏။ ထို့ကြောင့် ယခုအခါ နောက်မေတ္တေယျဘုရားကို ထင်စားကြ၊ အားကိုးကြသော အမှုသည် လူ့ပြည်က အပ်တစ်ချက်၊ ဘဝဂ်က အပ်တစ်စင်း

အပ်သွားချင်းတိုက်မှုထက်ပင် ခဲယဉ်းလှချေ၏။ သတိမူကြပါလေကုန်။

ကျမ်းဂန်တို့၌ တိုက်ရိုက်ရှိသော ဝိသုဒ္ဓိခုနစ်ရပ် ပဋိပတ်ကျင့်စဉ်များကိုသာတွေ့ရှိ၍ ခေတ်သမယကို မမျှော်မိကြကုန်သော ဆရာတို့သည်ကား ယခုအခါ၌ သမထအမှု ဝိပဿနာအမှုများကို အားထုတ်ပါသည်ဆိုလျှင် သီလဝိသုဒ္ဓိ ပြည့်စုံပြီလား၊ သီလဝိသုဒ္ဓိမရှိလျှင် အာပေါက်အောင် စီးဖြန်းသော်လည်း မဖြစ်ဟု ပြောဆိုလေ့ရှိကြကုန်၏။ အချို့သော လူပြိန်း တို့ကလည်း ထိုစကားကို နားယောင်ကြကုန်၏။ ဓမ္မန္တရာယ်ဖြစ်လေ၏။

ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မဆိုသည်ကား သံသရာဘေးကို ကောင်းစွာ မမြင်နိုင်ခြင်း၊ မဂ်ဖိုလ်ကို ရဆိုက်သော ခေတ်ကာလမဟုတ်ဟုထင်မှတ်ခြင်း၊ ပါရမီအရင့်ကိုစောင့်စားခြင်း၊ ယခုကာလ ရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿာဟကို စွန့်ထားခြင်း စသည်တို့တည်း။

အနမတဂ္ဂသံသရာတွင် ကျင်လည်၍နေကြရာ ရံခါရံဖန် ကျမ်းတတ်၊ ဂန်တတ်၊ ပရိယတ်အကျော် ဆရာတော်၊ သမားတော်ကြီး ရံခါရံဖန်အသက်ရှိသည်ဟူ၍ ပြောရရုံမျှရှိကြသော ခရု၊ ပက်ကျိ၊ တီ၊ မျှော့၊ သန်း၊ ကြမ်းပိုး၊ ပိုးလောက်၊ ကမြင်းနီစသည် ဖြစ်ရိုးဖြစ်စဉ် အထင်အရှားပင်တည်း။

အနိစ္စလက္ခဏာတစ်ခုကိုလည်း ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာတစ်ခု၌ ပိုင်နိုင်စွာထင်မြင်နိုင်လျှင် အနာဂါမိမဂ်ဖိုလ်တိုင်အောင် ဆိုက်နိုင်၏။ နာမက္ခန္ဓာလေးပါးတို့တွင် တစ်ပါးပါး၌ ပိုင်နိုင်စွာထင်မြင်နိုင်လျှင် အရဟတ္တဖိုလ်တိုင်အောင် ဆိုက်နိုင်၏။

သဒ္ဒါရခေါတ်တို့၏ မြောက်စားမှုအတွက်ကြောင့် ဘဝအဆက်ဆက်တိုက် မဆိုထားဘိဦး၊ ယခုအခါ ဘုရားသာသနာအတွင်း၌ပင်လျှင် အပါယ်အိုးကြီး၊ ငရဲအိုးကြီးဖြစ်သော သက္ကာယဒိဋ္ဌိကိုပင် ထိမထင်ပြု၍နေကြကုန်၏။

ဒါနကုသိုလ်သည် လိမ္မာသူတို့မှာ သံသရာကြီးအတွင်း၌ လျှပ်တစ်ပြက်စာမျှကဲ့သို့သော လူချမ်းသာ၊ နတ်ချမ်းသာကို ပေး၏။ မလိမ္မာပါမူကား ထိုဒါနကုသိုလ်မှ တဏှာ၊ မာန၊ ဒိဋ္ဌိဟသော ကိလေသာမီးတို့တောက်ထကုန်၍၊ အမျိုးအဆွေ၊ အပေါင်းအသင်းတို့နှင့်တကွ ကြီးစွာသောအပါယ်ဒုက္ခသို့ ပစ်ချတတ်၏။

(အနုပုထုဇဉ်မှန်လျှင် လူမိုက်ချည်း မဟုတ်ပါလော)။

လူမိုက်အလှူ၊ ပေးပါမူလည်း၊ရွှယ်ခြုံဖိုလ်မဂ်၊ မပန်နက်တည့်၊ မှားဘက်ကိုသာ ကျင်လည်ရာ၏။

(ရှင်သီလဝံသ)

အတ္တဟူသည်ကား စွဲလမ်းသောမိစ္ဆာစိတ်ရှိမှ အတ္တဟု ရှိသည်။ စွဲလမ်းသောမိစ္ဆာစိတ်မရှိလျှင် အတ္တဟူ၍မရှိ။ အတ္တမရှိလျှင်လည်း ပုဂ္ဂိုလ်သတ္တဝါဟူ၍ ထင်မှတ်ဖွယ်မရှိ၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိလျှင် ပုဂ္ဂိုလ်သေသည်၊ ရှင်သည်ဟူ၍ပင်မရှိ။ သေသည်၊ ရှင်သည်ဟူ၍မရှိလျှင် သေလျှင်ပြတ်သည်—မပြတ်သည်ဟု မရှိ။ ထိုသို့မရှိဘဲလျက်၊ အရှိပြု၍ယူခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိဖြစ်၏။ မဂ်လမ်းဖိုလ်လမ်းမှ ဖီလာဖြစ်၏။ ထိုအယူရှိ၍နေလျှင် မဂ်ဖိုလ်ကိုမဆိုထားဘိ၊ ဝိပဿနာဉာဏ်မျှပင် မသိနိုင်ပြီ။ ဘုရားနှင့် တွေ့ရသောသူ၊ တရားနှင့် တွေ့ရသောသူ၊ သာသနာနှင့် တွေ့ရသောသူဟူ၍ မဆိုထိုက်ပြီ၊ သတိရှိကြလေကုန်။

မိမိ၏ကိုယ်အင်္ဂါဖြစ်၍နေသောစက္ခုစသည်တို့၌ သာယာစွဲလမ်းမြဲအတိုင်းနှင့်နေ၍ သေကြလတ္တံ့သော သူတို့သည် ယခုအခါအမှန် နိဗ္ဗာန်ကိုပင် မြော်သို၍နေကြသော်လည်း နိဗ္ဗာန်နှင့်တစ်နေ့တခြား ကွာဝေး၍ သွားသောသူတို့ မည်ကုန်၏။

* * *

## တတိယ ရွှေကျင်သာသနာပိုင်

## ဒိပဲယင်းမင်းလယ်ရိမြတ်ကြီး

## (ပရမတ္ထကွက်ကျမ်းမှ ကောက်နုတ်ချက်များ)

ယခုခေတ်အခါ များသောအားဖြင့် ငါတို့လည်း ရတနာသုံးပါးအတွင်းဝင်ဟု မှတ်ထင်တတ်ကြ၏၊ ရတနာသုံးပါးကို ငါတို့ ကိုးကွယ်သည်ဟုဆိုတတ်ကြသည်။ ရဟန်းရော၊ လူရော ရတနာသုံးပါးကို အမှန်ကျ သိတတ်ခဲလှ၊ ကြည်ညိုတတ်ခဲလှ၏။ ဉာဏ်အမြင်တိုကြလှ၏။ ဘုရားဆိုလျှင်စေတီရုပ်ပွား၊ အုတ်ရိုးဘုရားတွင် ဆုံးနေ၏။ တရားဆိုလျှင် ယပ်လှဲတရား၊ ယပ်ထောင်တရား၊ ပိဋကတ်စာပေတွင် ဆုံး၍နေ၏။ သံဃာတော်ဆိုလျှင် ယခုဘုန်းကြီးတွေကွင် ဆုံး၍နေ၏။ အထက်ကိုကျော်ဖောက်၍ ရတနာသုံးပါးအစစ်သို့ မရောက်နိုင်ကြကုန်။ ရတနာသုံးပါးကို မဆိုထားဘိ။ ပုဂ္ဂိုလ်ကိုသော်လည်း ကြည်ညိုတတ်ခဲလှ၏။ သဒ္ဓါအသွင်၊ ဘဏ္ဍာဝင်၊ ခင်မင်သည်ကို အကြည်ညို၊ မသိကိုအသိ မှောဟဖိ၊ မဟုတ်သိများ၊ အဟုတ်သိကား ရှားလှချေ၏။

အသားအနှစ် ပရမတ်အစစ်ကိုသိသောဉာဏ်မျက်စိရှိမှသာ ဘုရားမှန်း၊ သံဃာမှန်း သိမြင်နိုင်သည်။ ဉာဏ်မျက်စိမရှိက ဘုရားမှန်း သံဃာမှန်း မသိမြင်နိုင်သည့်အတွက် ပကတိမျက်စိဖြင့် ဘုရားကိုမြင်သော်လည်းမြင်သည်မမည်၊ အကန်းပင်၊ တိရစ္ဆာန်

တို့လိုပင် ဆိုလိုသည်။ပရမတ်အစစ်ဆိုသည်မှာ ရုပ်တရား၊နာမ် တရား ဤနှစ်ပါးကိုဆိုသည်။

မဟုတ်မရှိဘဲ ထင်မှားမြင်မှား၊ ယူမှားစွဲလမ်းအပ်သော အတ္တဒိဋ္ဌိကို ဖျက်ဆီးရန် နည်းလမ်းကိုပင် သာသနာဆိုရ သည်။

သုတအသိဖြင့် အဟုတ်အမှန် ရုပ်နှင့်နာမ်ကို သိနိုင်၊မြင်နိုင် လျှင် ဘုရားကို မှန်မှန်မွဲမွဲ၊တရားကိုမှန်မှန်မွဲမွဲ၊ သံဃာကိုမှန်မှန် မွဲမွဲ သိနိုင်မြင်နိုင်တော့သည်သာ။ ရတနာသုံးပါးကို မှန်မှန် မွဲမွဲ သိနိုင်မြင်နိုင်မှုလည်း ပြုသမျှ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တို့ တုတ်ခိုင်သန်မြန်၍ နောင်မဂ်အခြေ ဖိုလ်အခြေ ကောင်းကောင်းကြီးဖြစ်နိုင်မည်။ အသိဉာဏ်ကား လောက အလုံးတွင် အမြတ်ဆုံးတရား၊ အရာရာမှာ ကျေးဇူးများလှ ၏။ မသိခြင်းကား ယုတ်မာဆိုးဝါး အရာရာမှာအပြစ်များလှ ၏။

မသိလျှင်တွယ်၊ သိလျှင်ပြယ်။ တွယ်လျှင်လည်းဘေး၊ပြယ် လျှင်အေးသည်။ မသိကတပတ်ပတ်၊ သိမှအပြီးသတ်သည်။ မသိအစ၊ သိအဆုံး ကိစ္စတုံးသည်။ မသိကား အဝိဇ္ဇာ၊ အသိ ကားပညာ၊ ပညာဉာဏ်ဖြင့် အမှန်အဟုတ် အဟုတ်သိ။ သိက တစ်လောကလုံးမှာ ရတနာသုံးပါးမှတစ်ပါး ယူချင်စရာ၊ ရချင်စရာ အနှစ်သာရကိုမမြင်။

လောကီအသိဉာဏ်ဖြင့် ဉာတပရိညာခေါ် လောက်ရုံသိလျှင် ပင် အယူစင်၍ စူဠသောတာပန် ဆိုရသဖြင့် သေသည်၏

အခြားမဲ့၌ဂတိမြဲခြင်း တိဟိတ်ပဋိသန္ဓေနေခြင်း၊ ပညာကြီးခြင်း၊ နောက် အသိဆုံး ရောက်လွယ်ခြင်းအကျိုးတို့ကို ရနိုင်သည်။

မဟုတ်သိ၊ အလွဲသိ၊ အမှားသိများ ခုခေတ်သား။ အဟုတ်အမှန်သိကား ရှားပါးလှချေ၏။ မဟုတ်သိကား မောဟ၊ အလွဲသိကား တဏှာ၊ အမှားသိကား ဒိဋ္ဌိ။

အဝိဇ္ဇာဖုံးအုပ်၍ နာမ်နှင့်ရုပ်ကို အဟုတ်ပိုင်ပိုင်မခွဲခြမ်းနိုင်။ မပိုင်းခြားနိုင်။ နာမ်ရုပ်၏ အဖြစ်သနစ်ကိုအဟုတ်သိ၊ တကယ်သိ၊မသိမမြင်နိုင်ကြသည့်အတွက် ပညတ်ကိုမခွာမလှန်ကြကုန်။ ပညတ်ကို မခွာမလှန်နိုင်ကြသည့်အတွက် ပညတ်ကို အစွဲပြု၍ ပုထုဇဉ်တို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိ တရားသုံးပါးတို့ဖြင့် အလွဲလွဲထင်မှား မြင်မှား၊ ယူမှား စွဲလမ်းကြကုန်၏။

အသိဉာဏ်တို့ဖြင့် ပညတ်ကိုခွာလှန်ရသည်။ ပညတ် ကွာရှင်းမှအတ္တဒိဋ္ဌိကင်းမှ လောကီကိုကျော်နင်း၍ လောကုတ္တရာသို့ချဉ်းနိုင်ကြမည်။

မထင် ထင်အောင်၊ မမြင် မြင်အောင် စဉ်းစားဆင်ခြင်သည်ကို ဘာဝနာပွားသည်ဟူ၍ ဆိုရသည်။ ရွတ်ရုံ အံရုံမျှကို မဆို။

နိဗ္ဗာန်သို့ရောက်သည်၊ နိဗ္ဗာန်ကိုရသည် ဆိုရာမှာလည်း မဂ်ခဏ၌ ရသည် ရောက်သည်မှတ်လေ။ စုတိကမ္မဇရုပ်ချုပ်ပြီးမှ

ရစရာ၊ ရောက်စရာ နိဗ္ဗာန်တခြားမရှိ၊ နိဗ္ဗာန်ဟူသည် တစ်ပါးသာရှိသည်။

လူရောရှင်ရော ဈေးအစဉ်အလာဆိုလျှင် အမှန်ချည်းသာ ထင်တတ်သည်။ လူတို့လည်း ဘုန်းကြီးများပြောလျှင် ကျမ်းဂန်ထွက် ထင်တတ်သည်။ ကျမ်းဂန်ဆိုလျှင် ဘုရားဟောကျမ်းဂန်ကဲ့သို့ အလွန်အလေးပြုကြသည်။ ကျမ်းဂန်တွေကလည်း ရှုပ်၊ အသိဉာဏ်တွေကလည်း နုပ်ကြ၏။ အိမ်ကြားလမ်းမ အက္ခရာစာကို တွေ့က မကျော်ဝံ့၊ မနင်းဝံ့၊ ရှိခိုး၍ ရှောင်ကွင်းကြ။ စာကိုဖတ်ကြည့်က အပျို၊ လူပျို ပေးကြသောစာ၊ ဆဲရေးပစ်ချသောစာ၊ အရာရာမှာ အသိဉာဏ်လိုလှ၏။ ဈေးအစဉ်အလာဆိုသော်လည်း နဂိုမှန်မှ မှန်သည်။ ကျမ်းဂန်ဆိုသော်လည်း ပါဠိတော် အဋ္ဌကထာကို ချန် နဂိုမှန်မှ မှန်သည်။

မဟာဘုတ် ဥပါဒါရုပ်တို့၏ အပေါင်းအစု၊ အလုံးအထွေး အစိုင်အခဲကြီးသာတည်းဟု ဤသို့စသည် ရူပက္ခန္ဓာကိုမြင်အောင် ကြည့်ရသည်။ ကြည့်ဆိုသော်လည်း ပကတိမျက်စိဖြင့် ကြည့်ရှု၍ ရူပက္ခန္ဓာကိုမမြင်၊ ဉာဏ်မျက်စိနှင့် ကြည့်မှမြင်သည်။ ဉာဏ်မျက်စိနှင့် ကြည့်ဆိုသည်မှာ သင်ကြားမှတ်သားပြီးလျှင် ကိုယ်ထဲ၌ ထင်မြင်အောင် စဉ်းစားဆင်ခြင်သည်ကို ဆိုသည်။ ယင်းသို့ စဉ်းစားဆင်ခြင်သည်ကိုပင် ကမ္မဋ္ဌာန်းဘာဝနာပွားသည် ဟူ၍ဆိုသည်။ ရွတ်ရုံ၊ အံရုံမျှကိုမဆို။ မစဉ်းစားမဆင်ခြင်က ပိဋကတ်သုံးပုံကို ကုန်အောင်ပင် တတ်သော်လည်း ရူပက္ခန္ဓာကို မသိ မမြင် မှတ်လေ။

ကျမ်းဂန်ဆိုသမျှ သရုပ်အရေအတွက်ကို အကုန်သိမှ ကိစ္စပြီးသည်မဟုတ်၊ ဉာဏ်နိုင်လောက်ရုံ မိမိသန္တာန်၊ သူတစ်ပါးသန္တာန်မှာ ရုပ်တခြား၊ နာမ်တခြား နေအောင် သော်လည်းကောင်း၊ ခန္ဓာငါးပါး တခြားစီ နေအောင်သော်လည်းကောင်း၊ ဤသို့ စသည့်ဘာဝနာကို အဟုတ်သိ၊ တကယ်သိ သိနိုင်၊ မြင်နိုင်လျှင်သည်း ကိစ္စပြီးတော့သည်။

စာတတ်မှ အားထုတ်တတ်သည်၊ စာတတ်မှနည်းလမ်းကျသည်၊ စာမတတ်လျှင် အားမထုတ်တတ်၊ နည်းလမ်း မကျဟုမှတ်ထင်တတ်သည်။ မမှတ်ထင်လင့်။ ဘုရားလက်ထက်တော်က စာမသင်၊ စာမတတ်ဘဲ ကကြီးလုံး ခကွေးလုံးကိုမျှ မသိဘဲ နိဗ္ဗာန်ရောက်သူတွေသာ များသည်။ စာတတ်၍နိဗ္ဗာန်ရောက်သူ အနည်းငယ်သာရှိသည်။ ဝိပဿနာနှင့်ကင်း၍သည်း နိဗ္ဗာန်ကို မရောက်နိုင်။ စာတတ်၊ ကျမ်းတတ်၊ ပိဋကတ်သုံးပုံဆောင် ဂိုဏ်းဆရာကြီး ပေါဋ္ဌိလ မထေရ်ကြီးသည် သာမဏေငယ်ထံ နည်းယူ၍ သာမဏေငယ် နည်းပေးမှ နိဗ္ဗာန်သို့ရောက်သည် ဟု ဓမ္မပဒ အဋ္ဌကထာမှာပင် ဆိုသည်။ နည်းကောင်းရသည် သာလိုရင်းဖြစ်သည်။ အမှန်ကျန နည်းကောင်းရလျှင် ယုံယုံကြည်ကြည်သာ အားထုတ်၊ သည့်ထက်ကောင်းသော အလုပ် တစ်လောကလုံးတွင်မှာ မရှိ။

နိဗ္ဗာန်ဟူသည် အခြားမှာ ရှိသည်မဟုတ်။ ကာမဂုဏ်တို့၏ အကြား၊ ကာမဂုဏ်တို့၏အလယ် ကိုယ့်အနားတွင်ရှိသည်။ ရှိသော်လည်း ကာမဂုဏ်တွေ ဖုံး၍နေသောကြောင့် မမြင်နိုင်။

* * *

## နိဗ္ဗာန် ဘယ်မှာ ရှိသလဲ

သန္တိကေ နပိဇာနန္တိ၊ မဂ္ဂါ မဓမ္မဿ အာကောဝိဒါ။

မဓမ္မဿ၊ အဟုတ်ရှိ တကယ်ရှိ၊ ပရမတ္ထတရား၌ (ဝါ) သစ္စာတရား၌၊ အကောဝိဒါ၊ မလိမ္မာ ကုန်သော။ မဂ္ဂါ၊ ပုထုဇဉ်လူပြိန်းတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ သန္တိကေ၊ ကိုယ့်အနားတွင် နီးကပ်လျက်နှင့်။ နပိဇာနန္တိ၊ မသိနိုင်ကြကုန်။

(သုတ္တနိပါတ်–သဋ္ဌကထာယတနသံယုတ်–ပါဠိတော်)

ကာမစ္ဆန္ဒာနပဿန္တိ၊ နိဗ္ဗာနံ ကာမမန္တရေ၊ ပဿန္တဥ္ဂဂတော အန္တံ၊ တဿာဆန္ဒံ ဝိကောပယေ။

ကာမစ္ဆန္ဒာ၊ ဝတ္ထုကာမဂုဏ်၊ ကိလေသာ ကာမဂုဏ်တို့သည် ကွယ်ကာ ဖုံးထားအပ်သည်ဖြစ်၍ (ဝါ) ကွယ်ကာဖုံးထားသောကြောင့်။ ကာမမန္တရေ၊ ကာမဂုဏ်တို့၏ အကြား၌ (ဝါ) ကာမဂုဏ်တို့၏ အလယ်၌၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ နပဿန္တိ၊ မမြင်နိုင်ကြကုန်။ ဟိ၊ အကယ်မလွဲသဖြင့်။ တံ၊ ထိုကာမဂုဏ်တို့၏အကြား၊ ကိုယ့်အနားတွင်ရှိသော နိဗ္ဗာန်ကို။ ပဿံ ပဿန္တော၊ မြင်သော ပုဂ္ဂိုလ်သည်။ အန္တံ၊ ဆင်းရဲကင်းဖို့၊ ချမ်းသာဖို့ရန် အားထုတ်ရသော အလုံးစုံသော ကိစ္စတို့၏ အဆုံးသို့။ ဂတော၊ ရောက်ရလေ၏။ တဿာ၊ ထို့ကြောင့်။ ဆန္ဒံ၊ ကိလေသာ ကာမဂုဏ်အဖုံးကို။ ဝိကောပယေ၊ ဖျက်ဆီးရာ၏။ နိဗ္ဗာန်ဟူသည် တခြားမှာရှိသည်မဟုတ်။ ကာမဂုဏ်တို့၏အကြား၊ ကာမဂုဏ်တို့၏အလယ်၊ ကိုယ့်အနားတွင်ပင်

ရှိသည်။ ရှိသော်လည်း ကာမဂုဏ်တွေ ဖုံး၍နေသောကြောင့် မမြင်နိုင်သည်ကို ဆိုလိုသည်။

* * * *

ယောအတွင်းဝန် အမတ်ကြီး ဦးဘိုးလှိုင်
(ဝိမုတ္တိရသကျမ်းမှ ကောက်နုတ်ချက်များ)

အလွန်သိမ်မွေ့နက်နဲ ရှုပ်ထွေးသော ပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တွင်း၌ ကြံဆ၍ မမြင်နိုင်၊ မတွေ့နိုင်သော အသက်ဟူ၍ ထင်မှတ်ကြသော အတ္တရှိ၏ဟု မိစ္ဆာဒိဋ္ဌိတို့က စွပ်စွဲ၍ထားသောကြောင့် စွပ်စွဲရာဖြစ်သော နာမ်ရုပ် အလုံးစုံတို့၏ သဘောကို တပ်တပ်ရာရာ ကောင်းမွန်စွာမသိလျှင် ဤ အတ္တ ရှိ မရှိကို မသိနိုင်။ စိတ်၌ အလွန်ရှုပ်ထွေးသောကြောင့် ဤပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တို့ကို ဤသတ္တဝါအပေါင်းတို့သည် အကြင်မျှလောက်မသိ။ ထိုမျှလောက်သော ကာလပတ်လုံး ချည်ဝင်အူပေါက်၊ စာဗူးတောင်းကဲ့သို့ ရှုပ်ထွေးသည်ဟူ၍ ညီတော် အာနန္ဒာအား ဟောတော်မူသည်။

ထို့ကြောင့် အနတ္တအရာ၊ မိစ္ဆာဒိဋ္ဌိတို့ကို မဆိုနှင့်ဦး၊ ငါတို့မြတ်စွာဘုရားကို ကိုးကွယ်သည့် လူမျိုးပင် ဖြစ်သော်လည်း ဤ ပဋိစ္စသမုပ္ပါဒ် ဟူသော နာမ်ရုပ်ကို အကျယ်အားဖြင့် နေရာကျ ကောင်းမွန်စွာမသိလျှင် ယုံယုံကြည်ကြည် သဘောမကျနိုင်။ မြတ်စွာဘုရား ဟောတော် မူသောကြောင့်သာ အထူး အထွေမပြောသို့။

နာမ်ရုပ်တို့ကို မသိသောသူတို့ကို အတ္တမရှိကြောင်း ပြောဟောသော်လည်း၊ ဆိုခဲ့ပြီးသည့်အတိုင်း မြတ်စွာဘုရားကိုးကွယ်သည့် လူမျိုးဖြစ်လျှင် ပြန်လှန်၍လည်း မပြောဝံ့၊ သဘောလည်း မကျဖြစ်လိမ့်မည်။

ဤသို့ ပဋိစ္စသမုပ္ပါဒ် ဟူသော နာမ်ရုပ်တရားတို့ကို သိပြီးမှ အတ္တမရှိကြောင်းကို သဘောကျကျ သိနိုင်ရန် ရှိသောကြောင့် ဤ အနတ္တအရာသည် ပဋိစ္စသမုပ္ပါဒ်ကဲ့သို့ အများအားဖြင့် တစ်ဆယ့်ခြောက် အသချေနှင့် ကမ္ဘာတစ်သိန်း၊ အနည်းအားဖြင့် လေးအသချေနှင့် ကမ္ဘာတစ်သိန်း နက်နဲသိမ်မွေ့ ခက်ခဲကြောင်းကိုလည်း မြဲမြဲနှလုံးသွင်းထား၍ ကမ္ဘာအသချေတို့ဖြင့်သော်လည်း ကြုံကြိုက်ခဲလှစွာသော မြတ်စွာဘုရား သာသနာတော်အတွင်း၌ ကြုံကြိုက်ရသည့်အခါ ဤအနတ္တကို ကောင်းမွန်စွာသိရအောင် နာမ်ရုပ်သဘောဖြစ်သော ဤ ပဋိစ္စသမုပ္ပါဒ် အစရှိသော ပရမတ်တရားတို့ကို အကျယ်အားဖြင့် သိမြင်ရအောင် အခြားအမှုကို မရွက်ဆောင်။ ပရမတ်အရာကို သိရအောင်ချည်းသက်သက် လုံ့လထုတ်သင့်လှပေသည် ဟူ၍လည်း ခိုင်ခိုင်ခံ့ခံ့ မြဲမြဲစွဲစွဲ လုံ့လထုတ်အပ်သတည်း။

သာသနာတွင်းမှာ ကြုံကြိုက်လိုက်လျှက်နှင့်မှ ဤအနတ္တအရာကို ကောင်းမွန်စွာ မသိလိုက်ရလျှင် မည်သည့်အခါမှ သိရတော့မည် မဟုတ်သောကြောင့် သံသရာဝဋ်ဆင်းရဲမှ

မကျွတ်မလွတ်နိုင်၊ သံသရာသစ်ငုတ်ဖြစ်၍ ရှုံးခြင်းကြီး ရှုံးလိမ့်မည်။

နာမ်ရုပ်ကိုသိပြီးသော ပုထုဇဉ်သည် ဤသင်္ခါရဟူသော ခန္ဓာငါးပါးတို့ကို မြဲသည်ဟုထင်၍မတပ်၊ ချမ်းသာသည်ဟု ထင်၍လည်းမတပ်။ သို့သော်လည်း စွန့်ပစ်ရမည်။လျစ်လျူရှုထားရမည်ကို မရက်စက်။ အကောင်းရှိနိုးနိုး၊ မစင်ကိုစွန့်ပစ်သကဲ့သို့ မပစ်မစွန့်ဝံ့သည်ဖြစ်၏။ဤစကား၌ ရက်ရက်စက်စက် မပစ်ဝံ့။ အကောင်းရှိယောင်ယောင်ဟု စွဲလမ်းခြင်းသည်သိမ်မွေ့သောအားဖြင့် အတ္တကိုစွဲလမ်းခြင်းဟု မှတ်ရမည်။

အနှစ်သာရအတ္တ မရှိဟုထင်သော မစင် အမှိုက်တို့ကို မူကား ငဲ့ကွက်ခြင်းမရှိ စွန့်ပစ်နိုင်သည်။ အနှစ်သာရအတ္တ ရှိ၏ဟုထင်သော ဤခန္ဓာကိုမူကား စွန့်ပစ်ရမည်ကို မဆိုထားနှင့် စဉ်းငယ်မျှ အခြားလူက နှုတ်ဖြင့်လည်းကောင်း၊ လက်ဖြင့်လည်းကောင်း ထိပါးမည်ရှိလျှင် မခံမရပ်နိုင်။တရားကို ပင်ဖျက်ဆီးကျော်နင်းပြုကျင့်ခြင်း၊ ထိပါးမည်ထင်သူကို တတ်နိုင်သမျှနှိပ်စက်ခြင်းတို့ကိုပြုလေသည်။လျစ်လျူမရှုနိုင်။ဤမိမိခန္ဓာနှင့်စပ်၍ မကောင်းဖြစ်မည်ကို မခံနိုင်ခြင်းအားကြီးလေ၏။ ဤခန္ဓာ၌ အနှစ်သာရအတ္တဟု စွဲလမ်းခြင်းကြီးလေ၏ဟူ၍လည်း မှတ်ရမည်။

(ကံဆိုလျှင်လည်း ဇေတနာကံတစ်ခုကိုသာသိသူများလေသည်။ မဂ္ဂင်ရှစ်ပါး၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည်လည်း ကံ မည်ကြောင်း မသိကြလေ။

မဂ္ဂင်ရှစ်ပါးဟူသောကံသည် ကုသိုလ်၊ အကုသိုလ်စိတ်တို့နှင့်ယှဉ်သော စေတနာ စေတသိက်ဟူသောကံကို ကုန်စေနိုင်၏။ အဘယ်ကြောင့်နည်းဟူမူကား မဂ္ဂင်ရှစ်ပါး၌ပါဝင်သော ဝိပဿနာပညာ၊ မဂ်ဖိုလ်ပညာသည် ဝိဇ္ဇာဖြစ်၏။ စေတနာကံကံဖြစ်စေတတ်သော မောဟဟူသော အဝိဇ္ဇာကို ဤပညာဟူသော ဝိဇ္ဇာဖြင့်ဖျောက်နိုင်၊ ဖျက်ဆီးနိုင်၏။ စေတနာကံ၏အကြောင်းဖြစ်သောအဝိဇ္ဇာပျက်လျှင်အကျိုးစေတနာကံမဖြစ်နိုင်သောကြောင့်တည်း။

ထိုကြောင့် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်လိုသောသူသည် စေတနာဟူသော ကုသိုလ်-အကုသိုလ်ကံကိုအဆိပ်ကဲ့သို့၊ ဘေးရန်ကဲ့သို့၊ စေတနာကံ၏အကျိုးကို သေမင်းနိုင်ငံကဲ့သို့ စွဲစွဲမြဲမြဲမှတ်ပြီးလျှင် မဂ္ဂင်ရှစ်ပါး ဟူသောကံကို အသက်ကဲ့သို့၊ အမြိုက်အရအသာကဲ့သို့ မဂ္ဂင်ရှစ်ပါးကို ပွားများအောင်ပြုလုပ်ရာ၏။

ဗာလပုဂ္ဂိုလ်ကို စွဲ၍ အဝိဇ္ဇာ၊ ပဏ္ဍိတပုဂ္ဂိုလ်ကိုစွဲ၍ ဝိဇ္ဇာတို့သည် သံသရာဝဋ်၏ အမြစ်မူလ ဖြစ်သည်ကိုလည်း သိအပ်၏။

× + ×

ကျေးဇူးရှင်   သဲဖြူလယ်တီတောရကျောင်းဆရာတော်

ဦးနန္ဒိယ  ရေးသားစီရင်တော်မူသော

# ဝိ ပ ဿ နာ လက် စွဲ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရုပ်အခန်း။

၁။ ဝေနေယျအား၊ မြင်လုံးထွားအောင်၊ ဝိပဿနာ တရားဟောကြားနိုင်သော စောထွဋ်ရတနာမြတ်ဗုဒ္ဓါကိုသဒ္ဓါ ညွတ်ကျိုး လက်စုံမိုး၍ ရှိလျှင်ခိုးသည်၊ ဤတွင်အစ ပဏာမတည်း။

၂။ ပထဝီ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်သဘော များ ခက်မာဘွဲ့စေး၊ ပူအေး— ထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊ လေးဝဓာတ်ရင်း သဘောတ ည်း။

၃။ ဓာတ်ကြီးလေးပါး ဖြစ်လာငြားက၊ ဝဏ္ဏာ၊ ဂန္ဓာ၊ ရသ၊ သြဇာ၊ ဤလေးဖြာ၊ မြဲစွာပါမြဲဘည်း။

၄။ ထိုဓာတ်ရှစ်ပါး မပြားမကွဲ တစ်သားထဲမှတ်။ အဋ္ဌကလာပ် ဓာတ်ခဲတစ်ခု ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ ပမာမရ သေးငယ်လှသော သဘောမျှသာတည်း။

၅။အင္ဂဏလာပ် ခုတ်ခဲအပေါင်း ထောင်သောင်းမက၊ အနန္တမျှားစွာ ပေါင်းစုလာသော်၊ အမာအပျော့ အပေါ့ အလေး၊ အသေးအကြီး အနည်းနည်း အထွေထွေ ပွေပွေ လီလီ၊ အရည်အဖတ် ဒြပ်သဏ္ဍာန်ပေါ်လာပြန်သည်၊ မွှားရန် အကြောင်းနိမိတ်တည်း။

၆။ သဏ္ဍာန်ဒြဗ်၊ ဖြစ်ပေါ်လတ်က၊ ခုတ်လေးပါး အနက်၊ ပထဝီထက်လျှင် မာမြဲပင် နှုန်းလျှင်ပျော့လေ၏။ အာ ပေါ်ထက်လျှင် အရည်ပင်၊ နှုန်းလျှင်ခဲလေ၏။ တေဇောထက် လျှင် ပူအေးပင် နှုန်းလျှင်မျှတ၏။ ဝါယောနှုန်းက ငြိမ်ဝပ်စွ၊ လွန်ကလှုပ်ရှား ပြေးလွင့်သွားသည်၊ လေးပါးခုတ်ရင်း သဘောတည်း။

၇။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊မီး လျှံအသွင်၊ ရေအယာဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ဖြစ် ပျက်မြဲတည်း။

၈။ မြေ ရေ သစ်ပင်၊မြင်မြင်သမျှ ဗဟိဒ္ဓမှာ၊ လုံးဝဥဿုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတုတေဇော အကြောင်း တည်း။

၉။ သမ္မုဟ–ဥပါဒါန်၊ သဏ္ဍာန်၊သန္တတိ၊စသည့်အပြား၊ လူအများသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ်ထားသတည်း။

၁၀။ ပညတ်-ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ဒိဋ္ဌမှန်စွာ၊မြင်နိုင်ရာသည်၊ ပညာအချက် စခန်းတည်း။

ရုပ်အခန်းပြီး၏။

* * *

(နာမ်အခန်း)

၁၁။ စက္ခုသောတ၊ ဃာနဇိဝှာ၊ ကာယငါးလီ၊ ရုပ်အကြည်တည့်၊တစ်လီမှတ်လေ၊ မနောအကြည်၊ ဘဝင်စိတ်ပေတည်း။

၁၂။ အဆင်းရူပ၊ သဒ္ဒအသံ၊ အနံ့ဂန္ဓ၊ ရသ အရသာ၊ အတွေ့ ဖေဋ္ဌဗ္ဗာ၊ ငါးဖြာအစုံ ရုပ်အာရုံပင်၊ မနော ဝိညာဉ်၊ ဆင်ခြင်တိုက၊ သိသမျှအကုန်၊ ဓမ္မာရုံ ပေတည်း။

၁၃။ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြား က၊ ခြောက်ပါးဝိညာဉ်၊အစဉ်မပြတ်၊ လျှပ်ရောင် ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး ဖြစ်ပျက် ကြသတည်း။

၁၄။ စက္ခု-ရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၅။ သောတ-သဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၆။ ဃာန-ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာနဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၇။ ဇိဝှာ-ရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှာ-ဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း၊

၁၈။ ကာယ-ဖောဋ္ဌဗ္ဗာရုံ၊နှစ်ပါးဆုံလျှင်၊ကာယဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း၊

၁၉။ မနော-ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း

၂၀။ ဝိညာဉ်ငါး၀၊ ကြွင်းသမျှကို၊ မနောဝိညာဉ်ဆို၏ ထို စိတ်ခြောက်ပါး တခြားစီသာ ဖြစ်ကြရာတည်း။

နာမ်အခန်းပြီး၏။

(အကျိုးပြခန်း)

၂၁။ နာမ်ရုပ်မှတ်စ်ပါး ယောကျ်ား–မိန်းမ၊ အတ္တဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော် ခေတ်အသိသာရှိချေ၏တကား။

၂၂။ နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊မသိကြ၍၊ ငါထ ငါထိုင်၊ ငါကိုင် ငါသွား၊ ငါကြား ငါကြည့်၊ ငါသိ ငါမြင်၊ ခေတ်ဖြစ်အင်ကို၊ ငါပင်မှုချ မှတ်ထင်ကြသည်၊သက္ကာယဒိဋ္ဌိ စွဲလမ်းမှုကြီးပါတကား။

၂၃။ ဒိဋ္ဌိသက္ကာယ မကွာသမျှ၊ လေး၀အပါယ်ရောက်ဦးမည်၊ နင်၀ယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်၀မှာလှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန်သဘောကို၊ "သတ္တိယာ၊ ဝိယဩမဋ္ဌော" ဟု ဟောကြားတော်မူခဲ့ပြီတကား။

၂၄။ နာမ်-ရုပ်နှစ်ခု နှစ်ဘိုပြု၍၊ ရုပ်စု-နာမ်စု တစ်ခုခု၌၊ ကြံဖန်စေ့ငု စိုက်၍ရှုမှ၊ ခေတ်ရင်းမူလ သဘာ၀ကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၅။ သဏ္ဌာန်အဆင်း ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှု၊ အနိစ္စကို၊ ဒိဋ္ဌမသေ့၊ မြင်နိုင်ချေမည် တကား။

၂၆။ အကြည်ခြောက်စုံအာရုံဆိုက်က၊ခြောက်ဝဝိညာဉ်၊ အစဉ်ဖြစ်မှု ဖမ်းယူရှုမှု၊အနိစ္စကို ဒိဋ္ဌမသေ့၊ မြင်နိုင် ချေမည်တကား။

၂၇။ ရုပ်-နာမ် ဓမ္မ အနိစ္စကို၊ ဒိဋ္ဌမြင်က အနတ္တကိုမချ မြင်၍ ငါပင်မဟုတ် နာမ်ရုပ်နှစ်ခု ဓာတ်အမှုသာ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့် သက္ကာယဒိဋ္ဌိ တရား၊ လွင့်စဉ် ရှားလေတကား။

၂၈။ ဒိဋ္ဌိသက္ကာယ တဒင်္ဂပဟာန်၊ ကွာပြန်မူက၊စူဠသော တာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားအား၊ အပါယ်လေးပါး တံခါးပိတ်၍၊ နိဗ္ဗာန် အဝင် ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရချေ၏ တကား။

၂၉။ မကွေ့မထောက်၊ လမ်းဖြောင့်တရား၊ တွေ့ပါ သားနှင့်၊ အများမူးတိုင်း နှင်မရှူးနှင့်၊ ထူးသည့် အခါ ဝိပဿနာကို၊ခါခါပွားမှု၊သွားမည့်သံသရာ အစဉ်ပါမည်၊ နှင်သာသတိထား။

၃၀။ သဲဖြူလယ်တိ တောရမှိသည့်၊ မထေရ်ငါသည်၊ စိရင်အပ်သော ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါ

လယ်တော်သလင်း၊ လအတွင်းဝယ်၊ ခုနစ်ဆယ်ပြည့် ဤတွင် ၍လျှင်၊ ပြီးအောင်မြင်၏တကား။

ဤဆောင်ပုဒ်ပေါင်း သုံးဆယ်ကို အရကျက်၍၊ အဖြေ၏ အတွက်ကို အကွက်ကျ မှတ်လေ။

ဝိပဿနာလက်စွဲဆောင်ပုဒ် ပြီးပြီ။

ဆောင်ပုဒ်သုံးဆယ်အဖြေ၊
ရုပ်ကိုဖြေဆိုခန်း

မေး။ ဓာတ်ကြီးလေးပါးကို ပြောပြပါ။
ဖြေ။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဟူ၍ လေးပါးရှိပါသည်။

မေး။ ဓာတ်ကြီးလေးပါး၏သဘောကို ပြောပြပါ။
ဖြေ။ ပထဝီဓာတ်သည် မာခြင်းသဘောအမူအရာမျှသာရှိပါသည်။ အာပေါဓာတ်သည် ဖွဲ့စေးခြင်းသဘော အမူအရာမျှသာ ရှိပါသည်။ တေဇောဓာတ်သည် ပူခြင်း၊ အေးခြင်းသဘောအမူအရာမျှသာရှိပါသည်။ ဝါယောဓာတ်သည် ထောက်ကန်ခြင်းသဘော အမူအရာမျှသာ ရှိပါသည်။

ထို့ကြောင့်။ (၂) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်သဘောမှာ၊ ခက်မာဖွဲ့စေး၊ ပူအေး-ထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊ လေးပဓာတ်ရင်း၊ သဘောတည်းဟူဆိုပါသည်။

မှတ်ချက်။ သဘောကား ဓာတ်၏အစွမ်းတည်း။
အမူအရာကား သဘော၏ ဖြစ်ပျက်မှုတည်း။

မေး။ ခတ်ကြီး လေးပါးဖြစ်ပေါ်လျှင် အစဉ်ပါသော ရုပ်ကို ထုတ်၍ပြပါ။

ဖြေ။ မီးတောက်ဖြစ်ပေါ်လျှင် မီးနေင်ဖြစ်ပေါ်လာသကဲ့သို့ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဟူသောရုပ်လေးပါးသည် ခတ်ကြီးလေးပါးဖြစ်ပေါ်လာလျှင်အစဉ်ပါပါသည်။

ထို့ကြောင့်။ (၄) ခတ်ကြီးလေးပါး ဖြစ်လာခြင်းက၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤလေးဖြာ၊ မြဲစွာပါမြဲတည်းဟု ဆိုပါသည်။

မှတ်ချက်။ ဝဏ္ဏကား အဆင်း၊ ဂန္ဓကား အနံ့၊ ရသကား အရသာ၊ ဩဇာကား ခတ်ဆီ။

မေး။ ဘယ်ရုပ်များကို အဋ္ဌကလာပ်ရုပ် ခေါ်ပါသနည်း။

ဖြေ။ ဟင်းရည်၌ ငါးပိ၊ ဆီ၊ ဆား၊ ငါး အရသာတို့ကို ခွဲခြမ်းဝေဖန်၍ ရသကဲ့သို့ တစ်လုံးတဝတည်း ရောနှော ၍ တည်ကြသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသောရုပ်ရှစ်ပါးကို ခေါ်ပါသည်။

မေး။ အဋ္ဌကလာပ်ရုပ်၏ အကြီးပမာဏကို ပြပါ။

ဖြေ။ အလွန်တရာ သေးငယ်လှသော သဘောအမှုအရာ ခဲ ကလေး ဖြစ်သောကြောင့် အကြီးပမာဏကို မပြ နိုင်ပါ။

ထို့ကြောင့်။ (၄) ထိုဓာတ်ရှစ်ပါး၊ မပြားမကွဲ၊ တသားတည်းမှတ်၊ အဋ္ဌကလာပ်၊ ဓာတ်ခဲတစ်ခု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ၊ သေးငယ်လှသော၊ သဘောမျှသာတည်းဟု ဆိုပါသည်။

**မှတ်ချက်။** ရုပ်ကလာပ် ဓာတ်ခဲတစ်ခုတည်း ဖြစ်ခဲ့လျှင်သာ အလွန်တရာ သေးငယ်လှသောကြောင့် မမြင်နိုင်၊ မတွေ့နိုင်သည်။ များစွာပေါင်းစုမိလျှင် အဆင်းကို မြင်ရပြန်သည်။ မာခြင်း၊ ပူခြင်း၊ အေးခြင်း၊ ထောက်ကန်ခြင်း သဘောတွေကို တွေ့ရပြန်သည်။ သို့ပင် မြင်ရသော်လည်း အာကာသ ခြား၍ ပေါင်းစုခါနေကြသော ရုပ်ကလာပ်တွေကို တစ်ခုစီ ခွဲခြမ်းစိတ်ဖြာ၍ မြင်နိုင်သည်မဟုတ်။ ဥပမာကား သဲပုံကြီးကို အဝေးက မြင်သကဲ့သို့တည်း။ သဲပုံကြီးကို အဝေးက မြင်ရာမှာ သူ့သဲမှုန့်နှင့် သူ့အဆင်းကို ရှင်းလင်းအောင် မြင်နိုင်သည် မဟုတ်၊ သဲမှုန့်၏အဆင်းတွေ ပေါင်းစု၍ နေသော အဆင်းလုံးကြီးကိုသာ ဖွေးဖွေးဖွေးဖွေးကြီးဟု မြင်ရသည်။ စက္ခုဝိညာဉ်သည် တစ်ခုစီ ခွဲခြမ်းစိတ်ဖြာ၍ မမြင်နိုင်၊ မြင်နိုင်ခဲ့လျှင် ဖြစ်ပျက်မှုကိုလည်း မြင်နိုင်ရာ၏။ ဤသို့ကား မမြင်နိုင်၊မမြင်နိုင်သောကြောင့် "ဝိပဿနာယောဂီ" ပုဂ္ဂိုလ်တို့မှာ စက္ခုဝိညာဉ်မြင်လုံးကြီး ခုခံ၍ နေကြလေသတည်း။

မေး။ အဋ္ဌကလာပ် ဓာတ်ခဲအပေါင်း ထောင်သောင်း မက ပေါင်းစုမိကြလျှင် ဘယ်လို ဖြစ်ပေါ်လာသနည်း။
ဖြေ။ အမာ၊ အပျော့၊ အပေါ့၊ အလေး၊ အသေး၊ အကြီး၊ အနည်းနည်းအထွေထွေ၊ ပွေပွေလီလီ၊ အရည်အဖတ်၊ သဏ္ဌာန်အမျိုးမျိုးဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်။ (၅)အဋ္ဌကလာပ်၊ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊အနန္တများစွာ၊ပေါင်းစုလာသော်၊အမာအပျော့၊ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်းအထွေထွေ၊ ပွေပွေလီလီ၊ အရည်အဖတ်၊ ဒြပ်သဏ္ဌာန်၊ပေါ်လာပြန်သည်၊ မှားရန်အကြောင်းနိမိတ်တည်းဟု ဆိုပါသည်။

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ မာမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။
ဖြေ။ ။ပထဝီဓာတ်၏ အစွမ်းဖြစ်ပါသည်။
မေး။ ။ပထဝီဓာတ်၏ အစွမ်းဟု အဘယ့်ကြောင့် သိနိုင်ပါသနည်း။
ဖြေ။ ။ပထဝီဓာတ်သည် မာခြင်းသဘော ရှိသည်ဟုဆိုသောကြောင့် အမာတွေကို တွေ့ရသဖြင့် ပထဝီဓာတ်၏အစွမ်းဟု သိရပါသည်။
မေး။ ။အရည်အမျိုးမျိုး ယိုစီးနေမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။
ဖြေ။ ။အာပေါဓာတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။အာပေါဓာတ်၏ အစွမ်းဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။
ဖြေ။ ။အာပေါဓာတ်သည် ဘွဲ့စေးခြင်း သဘော ရှိသည်ဟု ဆိုသောကြောင့် အရည်အစေးတွေ ယိုစီး၍ နေသည်ကိုတွေ့ရသဖြင့် အာပေါဓာတ်၏ အစွမ်းဟု သိရပါသည်။

မှတ်ချက်။ ။စင်စစ်ကား အာပေါဓာတ်ကို မတွေ့ရ၊ ပထဝီဓာတ်ကိုတွေ့ရသည်။အာပေါဓာတ် ဘွဲ့စည်းသော်လည်း၊ ပထဝီဓာတ်နှင့်မှအရည်အစေးဖြစ်နိုင်သည်။

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ ပူအေး၍နေမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။
ဖြေ။ ။တေဇောဓာတ်၏ အစွမ်းဖြစ်ပါသည်။

မေး ။တေဇောဓာတ်၏အစွမ်းဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။
ဖြေ။ ။တေဇောဓာတ်သည် ပူခြင်း၊အေးခြင်းသဘောရှိသည်ဟု ဆိုသောကြောင့် အပူအအေးတွေကို တွေ့ရသဖြင့် တေဇောဓာတ်၏ အစွမ်းဟု သိရပါသည်။

မေး။ ။အထည်ဝတ္ထုအစုစုတို့မှာ ယိမ်းယိုင်လှုပ်ရှား၍ နေမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။
ဖြေ။ ။ဝါယောဓာတ်၏ အစွမ်းဖြစ်ပါသည်။

**မေး။** ။ဝါယောဓာတ်၏အစွမ်းဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

**ဖြေ။** ။ဝါယောဓာတ်သည်ထောက်ကန်ခြင်းသဘောရှိသည်ဟုဆိုသောကြောင့် ဝါယောအဆင့်ဆင့်ကန်၍ ယိမ်းယိုင်လှုပ်ရှား၍နေသည်ကိုတွေ့ရသဖြင့် ဝါယောဓာတ်၏ အစွမ်းဟု သိရပါသည်။

ထို့ကြောင့်။ (၆)သဏ္ဌာန်ဒြပ် ဖြစ်ပေါ်လတ်တာ ဓာတ်လေးပါးအနက် ပထဝီထက်လျှင် မာမြဲပင်၊ နှိုင်းလျှင်ပျော့လေ၏။ အာပေါထက်လျှင် အရည်ပင်၊ နှိုင်းလျှင်ခဲလေ၏။ တေဇောထက်လျှင် ပူအေးပင်၊ နှိုင်းလျှင်မှုတ၏။ ဝါယောနှိုင်းက၊ ငြိမ်ဝပ်စွာ၊ လွန်ကလှုပ်ရှား ပြေးလွင့်သွားသည်၊ လေးပါးဓာတ်ရင်းသဘောတည်းဟု ဆိုပါသည်။

**မှတ်ချက်။** ။ယိမ်းယိုင် လှုပ်ရှားသည်ဟု ဆိုသောစကား၌ စင်စစ်ကား ယိမ်းယိုင်လှုပ်ရှားသည် မဟုတ်။ နေရာပြောင်းလဲ၍၊ ရုပ်ကလာပ် အဆင့်ဆင့် ဖြစ်၍ သွားမှုကို ယိမ်းယိုင် လှုပ်ရှားသည်ဟု ဆိုသတည်း။ မှန်၏။ နာမ်ရုပ် မည်သည်ကား ဖြစ်ရာဌရပ်၌ မချုပ်မူ၍ အရပ်တစ်ပါးသို့ ပြောင်းရွှေ့ခြင်းမရှိ။

ထို့ကြောင့်နဟိရူပါရူပ ဓမ္မာနံ၊ဥပ္ပါဒဒေသေအနိရုဇ္ဈိတွာ ကေသဂ္ဂမတ္တံပိဒေသန္တရသင်္ကမနံ နာမအတ္ထိဟုမိန့်ဆိုတော်မူ၏။

ဟိ၊ မှန်၏။ ရူပါ ရူပဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ ဥပ္ပါဒ ဒေသော၊ ဖြစ်ရာအရပ်၌။ အနိရုဇ္ဈိတွာ၊ မချုပ်မူ၍။ တေသဂ္ဂ- မတ္တံပိ၊ ဆံခြည်ဖြားမျှလည်း။ ဒေသန္တရသင်္ကမနံနာမ၊ အရပ်တစ်ပါးသို့ ပြောင်းရွှေ့ခြင်းမည်သည်။ နအတ္ထိ၊ မရှိ။

မေး။ ။ရုပ်ကိုဖြစ်စေတတ်သောအကြောင်း ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ။ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးရှိပါသည်။

မေး။ ။လေးပါးသော အကြောင်းကြောင့် ဖြစ်သောရုပ်တို့သည် လူ၏ကိုယ်မှာ ဘယ်လိုများ ဖြစ်၍နေပါသနည်း။

ဖြေ။ ။အဖြစ်အပျက်မြန်သောကြောင့် ပျက်သည်ဟု မထင်။ မီးလျှံအသွင်၊ ရေအလျဉ်များကဲ့သို့ အစဉ်မပြတ် ဖြစ်ပျက်၍နေပါသည်။

ထို့ကြောင့်။(၇) ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု အကြောင်း လေးခု ကျေးဇူးပြု၍ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက် ပြန်၊ မီးလျှံအသွင်၊ ရေအလျဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါ မစဲ၊ ဖြစ်ပျက်မြဲတည်းဟု ဆိုပါသည်။

## စတုဇရုပ်ကို ပြဆိုခန်း

စတုဇရုပ်ကို ထုတ်ဖော်၍ပြအံ့။ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်ကား၊ ၉-ပါးရှိ၏။

၁။ ဆိုခဲ့ပြီးသော အဋ္ဌကလာပ်မှာ၊ ဇီဝိတရုပ်ကိုထည့်။ ဇီဝိတနဝက-ကလာပ်။

၂။ ထို ဇီဝိတနဝက-ကလာပ်ကို မ-တည်ပြု၍၊ ဇီဝိတနဝကကလာပ်မှာ၊ စက္ခုပသာဒရုပ်ကိုထည့်၊ စက္ခုဒသက-ကလာပ်။

၃။ ဇီဝိတနဝက-ကလာပ်မှာ၊ သောတပသာဒရုပ်ကိုထည့်၊ သောတဒသက-ကလာပ်။

၄။ ဇီဝိတနဝက-ကလာပ်မှာ၊ ဃာနပသာဒ ရုပ်ကိုထည့်၊ ဃာနဒသက-ကလာပ်။

၅။ ဇီဝိတနဝက-ကလာပ်မှာ၊ ဇိဝှာပသာဒ ရုပ်ကိုထည့်၊ ဇိဝှာဒသက-ကလာပ်။

၆။ ဇီဝိတနဝက-ကလာပ်မှာ၊ ကာယပသာဒ ရုပ်ကို ထည့်၊ ကာယဒသက—ကလာပ်။

၇။ ဇီဝိတနဝက—ကလာပ်မှာ၊ ဣတ္ထိဘာဝရုပ်ကိုထည့်၊ ဣတ္ထိဘာဝဒသက-ကလာပ်။

၈။ ဇီဝိတနဝက ကလာပ်မှာ၊ ပုမ္ဘာဝ ရုပ် ကို ထည့်၊ ပုမ္ဘာဝဒသက—ကလာပ်။

၉။ ဇီဝိတနဝက—ကလာပ်မှာ၊ ဟဒယ ဝတ္ထုရုပ်ကို ထည့်၊ ဝတ္ထု ဒသက—ကလာပ်။

ကမ္မဇကလာပ်ပေါင်း ၉ ပါး ဖြစ်၏။ ထို ၉ ပါးတို့တွင် ဇီဝိတနဝက-ကလာပ်သည် ပါစကဓာတ်မီး၊ ဉသ္မာဓာတ်မီး တို့၌ တည်နေ၏။

ထို့ကြောင့် – အာယုတိတေသု ဒွိသု အဂ္ဂိသု ပတိဋ္ဌိတံ ဇီဝိတ မေဝ ဝုစ္စတိ—ဟု မိန့်ဆိုတော်မူ၏။

အာယုတိ၊ အာယုဟူသည်ကား၊ တေသုဒွိသု အဂ္ဂိသု၊ ထို နှစ်ပါးကုန်သော ပါစကဓာတ်မီး၊ ဉသ္မာဓာတ်မီးတို့၌။ ပတိဋ္ဌိတံ၊ တည်သော။ ဇီဝိတမေဝ၊ ဇီဝိတ ရုပ်ကိုသာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

စားသောအစာ စသည်ကို ကျိုချက်တတ်သော ဝမ်းမီးကို ပါစကဓာတ်မီး ခေါ်၏။ ထိုပါစက ဓာတ်မီး၏ အပွားအစီ

ဖြစ်သော တစ်ကိုယ်လုံး ပျံ့နှံ့၍ နေသော ကိုယ်စောင့် ဓာတ်မီးကို ဥသ္မာ ဓာတ်မီး ခေါ်၏။

စက္ခုဒသက–ကလာပ်သည် မျက်နက်ဝန်း အလယ် သန်းဦးခေါင်းပမာဏရှိသော အကွက်အရပ်မှာ တည်နေ၏။ ထို စက္ခုဒသက–ကလာပ်ကို စက္ခုအကြည်ဟူ၍လည်း ခေါ်၏။

သောတဒသက–ကလာပ်သည် နား ခေါင်း အတွင်း၌ လက်စွပ်ကွင်း သဏ္ဌာန်ရှိသော၊ အမွေးနီပေါက်ရှိသောအရပ်မှာ တည်၏။ ထိုသောတဒသက–ကလာပ်ကို သောတအကြည် ဟူ၍လည်း ခေါ်၏။

ဃာနဒသက–ကလာပ်သည် နှာခေါင်းအတွင်း၌ ဆိတ်ခွာ သဏ္ဌာန်ရှိသော အရပ်မှာ တည်နေ၏။ ထို ဃာနဒသက–ကလာပ်ကို ဃာနအကြည် ဟူ၍လည်း ခေါ်၏။

ဇိဝှာဒသက–ကလာပ်သည် လျှာ၏အလယ်ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်မှာ တည်နေ၏။ ထို ဇိဝှာဒသက–ကလာပ်ကို ဇိဝှာအကြည်ဟူ၍လည်း ခေါ်၏။

ကာယဒသက-ကလာပ်သည် ရင့်မာသော အရိုး၊ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း ခြောက်သွေ့သောအရာတို့မှ ကြွင်းသော အတွင်းအပြင် တစ်ကိုယ်လုံးမှာ ဂွမ်းပုံ၌ဆလောင်းသော ဆီကဲ့သို့ နှံ့၍တည်နေ၏။ ထိုကာယဒသက–ကလာပ်ကို ကာယအကြည် ဟူ၍လည်း ခေါ်၏။

ထိုစက္ခုအကြည်စသော အကြည်တို့သည် အလွန်စင်ကြယ်သော မှန်အကြည်နှင့် တူကြကုန်၏။

ထို့ကြောင့်၊ သုပရိသုဒ္ဓ ဖာဒါသ မဏ္ဍသဒိသာ ကမ္မဇ မဏ္ဍာဟု မိန့်ဆိုတော်မူ၏၊

ပသာဒါ၊ စက္ခုအကြည်စသော အကြည်တို့သည်။ သုပရိသုဒ္ဓအာဒါသ မဏ္ဍသဒိသာ၊ အလွန် စင်ကြယ်သော မှန်အကြည်နှင့် တူကုန်သော။ ကမ္မဇ မဏ္ဍာ၊ ကံကြောင့်ဖြစ်သော အကြည်တို့ပေတည်း။

မှန်အကြည်မှာ အရိပ်ထင်သကဲ့သို့ စက္ခုအကြည် စသည်တို့မှာ ရူပါရုံ စသည်တို့ အသီးသီးထင်ကြကုန်၏။

ဣတ္ထိဘာဝဒသက–ကလာပ်သည် မိန်းမသန္တာန်မှာအတွင်းအပြင် တစ်ကိုယ်လုံး၌ တည်နေ၏။ မိန်းမသည် ယောကျ်ားနှင့် အသွင်မတူ၊ အမူအရာ ကွဲပြားမှုသည် ဣတ္ထိဘာဝရုပ်၏ အစွမ်းပေတည်း။

ပုမ္ဘာဝဒသက–ကလာပ်သည် ယောကျ်ား သန္တာန်မှာ အတွင်းအပြင် တစ်ကိုယ်လုံး၌တည်နေ၏။ ယောကျ်ားသည် မိန်းမနှင့် အသွင်မတူ။ အမူအရာကွဲပြားမှုသည် ပုမ္ဘာဝရုပ်၏ အစွမ်းပေတည်း။

ဝတ္ထုဒသက–ကလာပ်သည် နှလုံးသား၏ အတွင်းမှာ တစ်လက်ဖက်ခွဲမျှလောက်သော နှလုံးသွေးနှင့် ရောနှော၍ တည်နေ၏။

ထို့ကြောင့်—တံ ပန၊ ဟဒယ ကောသဗ္ဘန္တရေ၊ အလုပ-
သတမတ္တံ လောဟိတံ ဗျာပေတွာ တိဋ္ဌတိ
ဟု မိန့်ဆိုတော်မူ၏။

တံပန၊ ထိုဟဒယ ဝတ္ထုရုပ်သည်ကား။ ဟဒယကော-
သဗ္ဘန္တရေ၊ နှလုံးသားအတွင်း၌။ အလုပသတမတ္တံ၊ တစ်လက်
ဖက်ခွဲမျှလောက်သော၊ မလောဟိတံ၊ သွေးကို။ ဗျာပေတွာ၊
နှီး၍၊ တိဋ္ဌတိ။ တည်၏။

ကမ္မဇရုပ်ကို ပြဆိုသော စကားတစ်ရပ်
အပြီးသတ် သတည်း။

**စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်အား ၈ ပါးရှိ၏။**

၁။ ဆိုခဲ့ပြီးသော အဋ္ဌကလာပ်ကို သုဒ္ဓဋ္ဌက–ကလာပ် ခေါ်သည်။ သုဒ္ဓဋ္ဌက–ကလာပ်။

၂။ သုဒ္ဓဋ္ဌက–ကလာပ်မှာ၊ သဒ္ဒရုပ်ကိုထည့်။ သဒ္ဒနဝက–ကလာပ်။

၃။ သုဒ္ဓဋ္ဌက–ကလာပ်မှာ၊ ကာယဝိညတ္တိရုပ်ကိုထည့်၊ ကာယဝိညတ္တိနဝက–ကလာပ်။

၄။ သုဒ္ဓဋ္ဌက–ကလာပ်မှာ ဝစီဝိညတ္တိရုပ်နှင့် သဒ္ဒရုပ်ကို ထည့်၊ ဝစီဝိညတ္တိ သဒ္ဒ ဒသက–ကလာပ်။

၁။ ထိုလေးပါးသော ရုပ်ကလာပ်တို့မှာ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ် ၃ ခုကို အစဉ်အတိုင်း လိုက်၍ထည့်၊ လဟုတာ ဒိကော ဒသက–ကလာပ်၊

၂။ သဒ္ဒလဟုတာ ဒိဒွါဒသက–ကလာပ်။

၃။ ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက–ကလာပ်။

၄။ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက–ကလာပ်။

စိတ္တဇ ကလာပ် ၈ ပါးဖြစ်၏။ ထို ၈ ပါးတို့တွင် စကား ပြောဆိုလိုက်မည်ဟု အားထုတ်သောအခါ လှုပ်ရှားမှုသည် သဒ္ဒဋ္ဌက—ကလာပ် အစွမ်းပေတည်း။

> ဇွာဒံဝက္ခာမိ ဘော်ဝက္ခာမိတိ ဥပ္ပဇ္ဇမာနံ စိတ္တံ အဋ္ဌရူပါနိ သမုဋ္ဌာပေတိ။ ။ အဋ္ဌကထာ။

ဇွာဒံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုလိုက်အံ့။ ဘော်၊ ထိုစကား ကို။ ဝက္ခာမိ၊ ဆိုလိုက်အံ့ ဇွာတိ၊ ဤသို့ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ အဋ္ဌရူပါနိ ရှစ်ပါးသော ရုပ်တို့ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

အသက်ရှူသော အသံ၊ တစ်ရံဘစ်ခါ ချောင်းဆိုးသံ ချေသံ၊ ပျို့သံ အန်သံ စသောအသံများသည် သဒ္ဒနဝက— ကလာပ် အစွမ်းပေတည်း။

> တသ္မာ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေန အဿာသပဿာသေ ဝါ အဝစီဃော သေသု ကဒါစိ စိတ္တသဟိ တေသု ဥက္ကာ သိတခိပိဘ ဝမိဘဆဒ္ဒိတ သဒ္ဒါဒိသုပိ ဝါ တော် သဒ္ဒနဝကံဝေဒိတဗ္ဗံ။

တသ္မာ၊ ထို့ကြောင့်။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ အဿာသပဿာသေ ဝါ၊ ထွက်သက် ဝင်သက်၌ လည်းကောင်း။ အဝစီဃော သေသု၊ ဝစီဃောသ မဟုတ်ကုန်သော။ ကဒါစိ၊ ရံခါ။ စိတ္တသဟိ တေသု၊ စိတ်နှင့်

တကွ ဖြစ်ကုန်သော။ ဥက္ကာသိတခိပိတဝမိတ ဆဒ္ဒိတသဒ္ဒါ ဒိသုပိဝါ။ ချောင်းဆိုးသံ၊ ချေသံ၊ ပျို့သံ၊ အန်သံစသည်တို့ ၌လည်းကောင်း။ တေံသဒ္ဒနေကာံ၊ ထိုသဒ္ဒနဝက–ကလာပ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဦးခေါင်း၊ ခြေ၊ လက်၊ ပေါင်နှစ်ဘက်စသော ကိုယ်အင်္ဂါ လှုပ်ရှားမှုသည် ကာယဝိညတ္တိ၊ နဝက–ကလာပ် အစွမ်းပေ တည်း။

ထို့ကြောင့်၊ သသမ္ဘာရေ အင်္ဂပစ္စင်္ဂဘူတေ ကာယေပ ဝတ္တာ၊ ဝိညတ္တိ ကာယဝိညတ္တိဟု မိန့်ဆိုတော် မူ၏။

သသမ္ဘာရေ၊ သသမ္ဘာရ ကိုယ်နှင့်တကွ ဖြစ်သော။ အင်္ဂပစ္စင်္ဂဘူတေ၊ အင်္ဂါကြီးငယ်ဖြစ်၍ဖြစ်သော။ ကာယေ၊ လှုပ်သော အခါ ကိုယ်ကာယ၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်သည်။ ကာယဝိညတ္တိ၊ ကာယဝိညတ်မည်၏။

စကားပြောဆိုမှုသည် ဝစီဝိညတ္တိ သဒ္ဒဒသက–ကလာပ် အစွမ်းပေတည်း။

ထို့ကြောင့်၊ စိတ္တဇသဒ္ဒ သန်္ဓါတာယ ဝါစာယ ပဝတ္တာ ဝိညတ္တိ ဝစီဝိညတ္တိ ဟု မိန့်ဆိုတော်မူ၏။

စိတ္တဇသဒ္ဒ သန်္ဓါတာယ၊ စိတ္တဇ အသံဟုဆိုအပ်သော။ ဝါစာယ၊ စကားပြောဆိုမှု၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊

ဝိညတ်သည်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။ နောက်ကလာပ် လေးပါးတို့ကို ထိုနည်းအတူ ပေါ်ခြင်း၊ နူးညံ့ခြင်းအမှု၌ ခံ့ခြင်းအခါမှာ ဖြစ်သည်ဟုမှတ်လေ။

စိတ္တဇရုပ်ကိုပြဆိုသော စကားတစ်ရပ်
အပြီးသတ်သတည်း။

ဥတုကြောင့်ဖြစ်သောရုပ်ကလာပ်က ၁း လေးပါးရှိ၏။ စိတ္တဇ ကလာပ် ၈ ပါးတို့တွင် ကာယဝိညတ် ဝစီဝိညတ် မပါသော ကလာပ်လေးပါးကို ဥတုဇကလာပ်ဟုမှတ်။ သတ္တဝါသန္တာန်မှာ ဆံအမွေးစသော ရုပ်စု ရုပ်ခဲများသည် သုဒ္ဓဋ္ဌက ကလာပ် အစုအခဲတွေပေတည်း။ လက်ဖျောက်တီးသံ၊ ဗိုက်မြည်သံ၊ လေလှည့်သံ စသော အသံများသည် သဒ္ဒနဝက–ကလာပ် အမှုတွေပေတည်း။ လဟုတာဒိဧကာဒသက-ကလာပ်၊ သဒ္ဒ လဟုတာဒိဒွါဒသက-ကလာပ်တို့ကို ထိုနည်းအတူ ပေါ်ခြင်း၊ နူးညံ့ခြင်းအမှု၌ ခံ့ခြင်းအခါ၌ ဖြစ်သည်ဟုမှတ်လေ။ ဗဟိဒ္ဓ သန္တာန်မှာ အဆင်း၊ အနံ့၊ အရသာ ဇတ္တေအထိ အမျိုးမျိုး တို့သည် သုဒ္ဓဋ္ဌက–ကလာပ် အစုအခဲ တို့သာတည်း။ အသံ အမျိုးမျိုးတို့သည် သဒ္ဒနဝက–ကလာပ် အစုအခဲ တို့သာ တည်း။

ဥတုဇရုပ်ကို ပြဆိုသော စကားတစ်ရပ်
အပြီးသတ်သတည်း။

**အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်ကား နှစ်ပါးရှိ၏။**

ဥတုဇကလာပ် လေးပါးတို့တွင် သဒ္ဒမပါသော ကလာပ် နှစ်ပါးကို အာဟာရဇကလာပ်ဟု မှတ်။ အာဟာရဇ ရုပ် ကလာပ် ဖြစ်ပုံကား ထင်ရှား၏။

အာဟာရဇရုပ်ကို ပြဆိုသော စကားတစ်ရပ်
အပြီးသတ်သတည်း။

မေး။ အဘယ်အကြောင်းကြောင့် ဗဟိဒ္ဓသန္တာန်မှာရုပ်တွေ ဖြစ်၍ နေပါသနည်း။

ဖြေ။ ဥတုကြောင့် ဖြစ်၍ နေပါသည်။

မေး။ ဘယ်ဟာကို ဥတုခေါ်ပါသနည်း။

ဖြေ။ တေဇောဓာတ်ကို ဥတုခေါ်ပါသည်။

ထို့ကြောင့်။ (၈) မြေ၊ ရေ၊ သစ်ပင်၊မြင်မြင်သမျှ၊ဗဟိဒ္ဓ မှာ၊ လုံးဝအုပ်စုံ၊ အကုန်ခပါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတု တေဇော၊ အကြောင်းတည်းဟု ဆိုပါသည်။

မေး၊ ဘယ်ဟာကို ပညတ်ခေါ်ပါသနည်း။

ဖြေ။ လူအများတို့ ပညတ်ကြသော အမည်နာမ တွေကို ပညတ်ခေါ်ပါသည်။

မေး။ ပညတ်များကို ထုတ်ဖော်၍ပြပါ။

ဖြေ။ တစ်ခုတည်းဟု မှတ်အပ်သော ပညတ်မျိုးကို သမူဟ ပညတ်ခေါ်ပါသည်။ပရမတ္ထခမ္မတို့ကိုစွဲ၍ ယောကျာ်း မိန်းမ၊ သစ်ပင်၊ ချုန္ဒယ်စသော ပညတ်မျိုးကို ဥပါဒါန်ပညတ် ခေါ်ပါသည်။အရှည်၊ အတို၊အလုံး အပြား စသည်ဖြင့် ထင်မြင်အပ်သော ပညတ်မျိုးကို သဏ္ဍာန ပညတ်ခေါ်ပါသည်။ ဤဝတ္ထုပင့်ဟု ထင် မြင်အပ်သော ပညတ်မျိုးကို သန္တတိ ပညတ်ခေါ်ပါ သည်။ ဤသို့သော စကားအားဖြင့် များစွာရှိ ပါသည်။

ထို့ကြောင့်။(၉)သမူဟ၊ ဥပါဒါန်၊ သဏ္ဍာန်-သန္တတိ စသည်အပြား လူအများသည် ခေါ်ဝေါ်မှတ်သား ပညတ် ထားသတည်းဟု ဆိုပါသည်။

မေး။ ပညတ်ကိုသိမှုသည် ဘယ်လိုသိမှု ဖြစ်ပါသနည်း။

ဖြေ။ လူကိုမြင်သည့်အခါ ခေါင်းတစ်လုံးတည်း၊ ကိုယ်တစ် ခုတည်းဟုသိမှုသည်သမူဟပညတ်ကိုသိမှုဖြစ်ပါသည်။ ယောကျာ်းပဲ၊ မိန်းမပဲဟု သိမှုသည် ဥပါဒါန်ပညတ် ကိုသိမှု ဖြစ်ပါသည်၊ ရှည်သောလူ၊ ပုသောလူ စသည် ဖြင့် အနေပုံဟန် သဏ္ဍာန်သိမှုသည် သဏ္ဍာန ပညတ်ကို သိမှု ဖြစ်ပါသည်၊ မနေ့ကလူပဲ၊ နံနက်ကလူပဲဟု သိမှု သည် သန္တတိပညတ်ကို သိမှုဖြစ်ပါသည်။

မေး။ ပရမတ်ကိုသိမှုသည် ဘယ်လိုသိမှု ဖြစ်ပါသနည်း။
ဖြေ။ လူကိုမြင်သည့်အခါ ခေါင်းတစ်လုံး၊ ကိုယ်တစ်ခု၊ လူပု၊ လူရှည်၊ ယောကျ်ား၊ မိန်းမ မရှိ။ မနေ့ကလူ–နံနက်ကလူမဟုတ်။ ယခု အသစ်ဖြစ်ပေါ်လာသော နာမ်ရုပ်နှစ်ခု ဓာတ်စုဓာတ်ခဲကြီးသာဖြစ်သည်ဟုသိမှုသည် ပရမတ်ကိုသိမှု ဖြစ်ပါသည်။

မေး။ ရုပ်၏အနိစ္စကို ဘယ်လိုကြည့်မှ မြင်နိုင်ပါမည်နည်း။
ဖြေ။ ပညတ်-ပရမတ်ကိုအတတ်သိမြင်၍ ဉာဏ်နှင့်ကြည့်မှ မြင်နိုင်ပါသည်။

ထို့ကြောင့်။ (၁၀) ပညတ်၊ ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာ အချက် စခန်းတည်းဟု ဆိုပါသည်။

ရုပ်ကိုပြဆိုခန်း ပြီး၏။

## နာမ်ကိုပြဆိုခန်း

မေး။ အဘယ်အကြည်များကို အကြည်ခြောက်ပါးခေါ် ပါသနည်း။
ဖြေ။ စက္ခုအကြည်၊ သောတအကြည်၊ ဃာနအကြည်၊ ဇိဝှာအကြည်၊ ကာယအကြည်၊ မနောအကြည်များ ကို အကြည်ခြောက်ပါး ခေါ်ပါသည်။

မေး။ ဘယ်ဟာကို မနောအကြည်ခေါ်ပါသနည်း။
ဖြေ။ နှလုံးသွေးအစု၊ ဟဒယဝတ္ထု ရုပ်ပေါ်မှာဖြစ်၍နေသော ဘဝင်စိတ်ကို မနောအကြည် ခေါ်ပါသည်။

မေး။ ဘယ်အကြည်ကို ရုပ်အကြည်၊ နာမ်အကြည်ခေါ်ပါသနည်း။
ဖြေ။ မနော အကြည်ကို နာမ် အကြည် ခေါ်ပါသည်။ ကြွင်းသော အကြည် ငါးပါးကို ရုပ်အကြည် ခေါ်ပါသည်။

ထို့ကြောင့်။ (၁၁) စက္ခု-သောတ၊ ဃာန ဇိဝှာ၊ ကာယ ငါးလီ ရုပ်အကြည်တည့်။ တလီမှတ်လော့၊ မနောအကြည်၊ ဘဝင်စိတ်ပေတည်းဟု ဆိုပါသည်။

မှတ်ချက်။ ရုပ်အကြည်ငါးပါးတို့၏ တည်နေရာ၊ အရပ်ဌာနကို ရုပ်အခန်းက ပြဆိုခဲ့ပြီ။

မေး။ အာရုံဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ အာရုံခြောက်ပါး ရှိပါသည်။

မေး။ အာရုံခြောက်ပါးကို ပြောပြပါ။
ဖြေ။ အဆင်းအမျိုးမျိုးကို ရူပါရုံခေါ်ပါသည်။ အသံအမျိုးမျိုးကို သဒ္ဒါရုံခေါ်ပါသည်။ အနံ့အမျိုးမျိုးကို ဂန္ဓာရုံခေါ်ပါသည်။အရသာအမျိုးမျိုးကို ရသာ

ရှိ ခေါ်ပါသည်။အတွေ့အထိအမျိုးမျိုးကို ဖောဋ္ဌဗ္ဗာ ရှိ ခေါ်ပါသည်။

မေး။ မနော-ဝိညာဉ်သည် ဘယ်ဟာများကို သိနိုင်ပါသနည်း။
ဖြေ။ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သောပညတ်၊ရုပ်၊နာမ်၊ နိဗ္ဗာန်အကုန်၊ အလုံးစုံကို သိနိုင်ပါသည်။

ထို့ကြောင့်။ (၁၂) အဆင်းရူပ၊ သဒ္ဒ အသံ၊ အနံ့ ဂန္ဓ၊ ရသ အရသာ၊ အတွေ့ဖောဋ္ဌဗ္ဗာ၊ ငါးဖြာအစုံ၊ ရုပ်အာရုံပင်၊ မနောဝိညာဉ်၊ ဆင်ခြင်တုံက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်းဟု ဆိုပါသည်။

မေး။ အကြည်ခြောက်စုံမှာ အာရုံခြောက်ပါးသည်အဘယ်ကြောင့် အသီးသီး ထင်လာပါသနည်း။
ဖြေ။ ဓမ္မနိယာမအားဖြင့် အကြည်ခြောက်စုံမှာ၊ အာရုံခြောက်ပါး ထင်လာရပါသည်။

ထို့ကြောင့် တွေ့ စ အယမ္ပိ သော ဓမ္မနိယာမော ယော ဟု မိန့်ဆိုတော်မူပါသည်။

တွေ့စ၊ ဤစကားရပ်၌လည်း။ အယမ္ပိ၊ ဤအာရုံထင်လာမှုသည်လည်း။ ယော၊တစ်ခုသော။ ဓမ္မနိယာမော ယော၊ ဓမ္မနိယာမသည်သာလျှင်တည်း။

မေး။ အကြည်ခြောက်စုံမှာ အာရုံခြောက်ပါးထင်လာသည့် အခါ ဘယ်တရားများ ဖြစ်လာပါသနည်း။

ဖြေ။ ဝိညာဏ်ခြောက်ဖြာသည် လျှပ်ရောင်ပမာ ဆိုင်ရာ အသီးသီး ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်။ (၁၃) အကြည်ခြောက်စုံ၊အာရုံခြောက်ပါး၊ ထိခိုက်ငြားက ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင် ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး ဖြစ်ပျက်ကြသတည်း ဟု ဆိုပါသည်။

မေး။ စက္ခုဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍နေပါ သနည်း။

ဖြေ။ မှန်နှင့်မျက်နှာကိုစွဲ၍ မှန်အကြည်မှာ မျက်နှာရိပ်ထင် လာသကဲ့သို့ စက္ခု—ရူပါရုံနှစ်ပါးစုံ ကိုစွဲ၍၊ စက္ခု အကြည်မှာ စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏။ ဖြစ်ပြီး နောက် ချုပ်ပျောက်၍သွား၏။

ထို့ကြောင့်။ (၁၄)စက္ခုရူပါရုံ နှစ်ပါးဆုံလျှင်၊ စက္ခု ဝိညာဉ်းပေါ်မြဲပင်၊ပေါ်လျှင်မလွဲ၊ချုပ်ပျက်မြဲတည်းဟု ဆိုပါ သည်။

## ထိုစကားအရ သာကေပါဠိကား။

စက္ခုဉ္စပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ သံယုတ်ပါဠိတော်။

စက္ခုဥ၊ စက္ခုအကြည်ကိုလည်းကောင်း၊ ရူပေစ၊ ရူပါရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍၊ စက္ခုဝိညာဏံ၊စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။

မေး။ သောတဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍နေပါသနည်း။

ဖြေ။ မှန်နှင့်မျက်နှာကိုစွဲ၍ မှန်အကြည်မှာမျက်နှာရိပ်ထင်လာသကဲ့သို့၊သောတ သဒ္ဒါရုံနှစ်ပါးစုံကိုစွဲ၍ သောတအကြည်မှာ သောတဝိညာဏ်ဖြစ်ပေါ်လာပါသည်၊ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွားပါသည်။

ထို့ကြောင့်။ (၁၅) သောတသဒ္ဒါရုံ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်၊ပေါ်မြဲပင်၊ပေါ်လျှင်ပလွဲ၊ ချုပ်ပျက်မြဲသည်းဟုဆိုပါသည်။

## ထိုစကားအရ သာဓက ပါဠိကား။

သောတဉ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။
သံယုတ်ပါဠိတော်။

သောတဉ္စ၊သောတ အကြည်ကိုလည်းကောင်း၊သဒ္ဒေစ၊သဒ္ဒါ ရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍၊ သောတဝိညာဏံ၊ သောတဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။

**မှတ်ချက်။** ရေအကြည်မှာ ထင်ကြသော အရိပ်များသည် ရေနှင့်ထိလျှင် မထင်နိုင်၊ ရေနှင့်မထိမှ ထင်သကဲ့သို့ စက္ခုအကြည်၊ သောတအကြည်တို့မှာ ထိခိုက်လာကုန်သော ရူပါရုံ၊ သဒ္ဒါရုံတို့သည် မထင်နိုင်ကုန်။ မထိမခိုက်ကုန်သော ရူပါရုံ၊ သဒ္ဒါရုံတို့သည်သာလျှင် ထင်နိုင်ကုန်၏။

ထို့ကြောင့်၊ ပုရိမာနိ "ဟိ" ဒွေ နိမိတ္တာဝသေနေဝ၊ ဃဋ္ဋေန္တိ၊နဝတ္ထုဝသေန ဟုမိန့်ဆိုတော်မူ၏။

ဟိ၊ ချဲ့အံ့။ ပုရိမာနိ၊ ရှေးဖြစ်ကုန်သော။ ဒွေ၊နှစ်ပါးကုန်သော။ရူပါရုံ၊ သဒ္ဒါရုံတို့သည်။ နိမိတ္တာဝသေနေဝ၊အရိပ်နိမိတ် အစွမ်းဖြင့်သာလျှင်။ဃဋ္ဋေန္တိ၊ထိခိုက်ကြကုန်၏။ ဝတ္ထုဝသေန၊ ဝတ္ထု၏အစွမ်းဖြင့်။နဃဋ္ဋေန္တိ၊ မထိခိုက်ကုန်။

**မေး။** ဃာနဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

**ဖြေ။** ဗုံနှင့်လက်ကိုစွဲ၍ ဗုံသံဖြစ်ပေါ်လာသကဲ့သို့၊ ဃာနနှင့် ဂန္ဓာရုံ၊နှစ်ပါးကိုစွဲ၍၊ ဃာနအကြည်မှာဃာနဝိညာဏ် ဖြစ်ပေါ်လာ၏။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွား၏။

ထို့ကြောင့်။ (၁၆)ဃာန ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ဃာန ဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

## ထိုစကားအရ သာကေပါဠိကား

ဃာနဉ္စပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ သံယုတ်ပါဠိတော်။

ဃာနဉ္စ၊ ဃာနအကြည်ကိုလည်းကောင်း။ ဂန္ဓေစ၊ဂန္ဓာရုံတို့ကိုလည်းကောင်း။ပဋိစ္စ၊နှစ်ပါးစုံစွဲ၍။ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**မေး။** ဇိဝှာဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

**ဖြေ။** ဗုံနှင့်လက်ကိုစွဲ၍ ဗုံသံဖြစ်ပေါ်လာသကဲ့သို့ ဇိဝှာရသာရုံ၊ နှစ်ပါးစုံကိုစွဲ၍၊ဇိဝှာအကြည်မှာ ဇိဝှာဝိညာဏ်ဖြစ်ပေါ်လာပါသည်။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွားပါသည်။

ထို့ကြောင့်။(၁၇) ဇိဝှာရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှာဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

## ထိုစကားအရ သာဓက ပါဠိကား။

ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊ သံယုတ်ပါဠိတော်။

ဇိဝှဉ္စ၊ ဇိဝှာအကြည်ကိုလည်းကောင်း။ ရသေစ၊ ရသာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ နှစ်ပါးစုံစွဲ၍။ ဇိဝှာဝိညာဏံ၊ ဇိဝှာဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**မေး။** ကာယဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍နေပါသနည်း။

**ဖြေ။** ဗုံနှင့်လက်ကိုစွဲ၍၊ ဗုံသံဖြစ်ပေါ်လာသကဲ့သို့၊ ကာယ၊ ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးစုံစွဲ၍၊ ကာယအကြည်မှာကာယဝိညာဏ် ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်။ (၁၈)ကာယဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ် ပေါ်မြဲပင်၊ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

## ထိုစကားအရ သာဓကပါဠိကား။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။
သံယုတ်ပါဠိတော်။

ကာယဉ္စ၊ ကာယအကြည်တို့လည်းကောင်း။ ဖောဋ္ဌဗ္ဗေ စ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာန အကြည်၊ ဇိဝှာအကြည်၊ ကာယအကြည်တို့မှာ ထိခိုက်မှသာ ထင်နိုင်ကြကုန်၏။ မထိခိုက်လျှင် မထင်နိုင်ကြကုန်။

ထို့ကြောင့်။ ပစ္ဆိမာနိပနတီဏိ ဝတ္ထုဝသေနဃဋ္ဋေန္တိ၊နနိ မိတ္တမတ္တဝသေန ဟု မိန့်ဆိုတော်မူ၏။

ပစ္ဆိမာနိပန၊ နောက်ဖြစ်ကုန်သော။ တီဏိ၊ သုံးပါးကုန်သော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်။ ဝတ္ထုဝသေန၊ ဝတ္ထု၏အစွမ်းဖြင့်။ ဃဋ္ဋေန္တိ၊ ထိခိုက်ကြကုန်၏။ နိမိတ္တမတ္တဝသေန၊ အရိပ်နိမိတ်အစွမ်းဖြင့်။ နဃဋ္ဋေန္တိ၊မထိခိုက်ကြကုန်။ ထန်းရွက်မှာ တံဆိပ်ရိုက်၍ အက္ခရာထင်သကဲ့သို့။ စက္ခုအကြည် စသည်တို့မှာ၊ ရူပါရုံစသော အာရုံတို့သည်၊ ဆိုင်ရာ ဆိုင်ရာ အသီးသီး ထင်ကြကုန်၏။

ထို့ကြောင့်—ပဟာရဏကာလေ လဒ္ဓုနခန္ဓသ တာလပဏ္ဏော
အာဗာဓေတွာ အက္ခရုပဋ္ဌာနံ ဝိယဒဋ္ဌဗ္ဗံ ဟု
မိန့်ဆိုတော်မူ၏။

ပဟာရဏကာလေ၊ ရိုက်ခတ်သောကာလ၌။ လဒ္ဓုနခန္ဓသ၊ တံဆိပ်တုံး၏။ တာလပဏ္ဏော၊ ထန်းရွက်၌။ အာဗာဓေတွာ၊ လွန်စွာခိုက်၍။ အက္ခရုပဋ္ဌာနံ ဝိယ၊ အက္ခရာကို ထင်စေခြင်းကဲ့သို့။ အဝါထဂမန်၊ အာရုံထင်ခြင်းသို့ရောက်ခြင်းကို၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ရုပါရုံ စသည်တို့ထင်မှုသည် မိုးကြိုးကျဘိသကဲ့သို့၊ ပသာဒတို့၌ တိုးဝှေ့သည်ဟု ကျမ်းဂန်၌ ဆိုသည်။

မေး။ ။မနောဝိညာဏ်စိတ်သည် အဘယ်ကဲ့သို့ဖြစ်၊ပျက်၍ နေပါသနည်း။

ဖြေ။ ။ရေကန်အပြင် ကောင်းကင်၌ ပျံဝဲ၍ နေသော ငှက်ရိပ်သည် ရေနှင့်ငှက်ကိုစွဲ၍ ရေအပြင်မှာ ထင်လာသကဲ့သို့ မနောအကြည်မှာ ဓမ္မာရုံထင်လာသည့်အခါ မနော, ဓမ္မာရုံ နှစ်ပါးစုံကို စွဲ၍ နှလုံးသွေးအစုံ ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်ပေါ်လာပါသည်၊ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွားပါသည်။

ထို့ကြောင့်။ (၁၉) မနောဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊မနောဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

## ထိုစကားအရ သာဓကပါဠိကား။

မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ၊ မနောဝိညာဏံ။ သံယုတ် ပါဠိတော်။

မနဉ္စ၊ မနောအကြည်ကိုလည်းကောင်း။ ဓမ္မေစ၊ ဓမ္မာရုံကို လည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ မနောဝိညာဏံ၊ မနော ဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။ဝိညာဏ်ခြောက်ပါးတို့သည် တစ်ခုသော ခဏ၌ တစ်ပြိုင်နက် မဖြစ်နိုင်ကြကုန်။ သူ့အာရုံနှင့် သူ့ဝိညာဏ် ကခြားစီ ဖြစ်ကုန်၏။

ထို့ကြောင့်။ အာရမ္မဏာဓိမတ္တာဒိဝသေန ဧကေကသ္မိံ အာရမ္မဏေ ဧဝ ပဝတ္တန္တိ ဟု မိန့်ဆိုတော်မူ၏။

ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့သည်။ အာရမ္မဏာဓိမတ္တာ ဒိဝ သေန၊ အာရုံလွန်ကဲခြင်း စသည်၏အစွမ်းဖြင့်။ ဧကေကသ္မိံ၊ တစ်ခုတစ်ခုသော။ အာရမ္မဏေဧဝ၊ အာရုံ၌သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏။

(အတူပြိုင်၍ မဖြစ်သော်လည်း အလွန်တရာ မြန်သော ကြောင့် အတူပြိုင်၍ဖြစ်သည်ဟု စိတ်ဖြစ်မှုတို့ကို မှတ်ထင်ကြ ရသည်။)

မေး။ ။အဘယ်စိတ်ကို မနောဝိညာဏ် ခေါ်ပါသနည်း။
ဖြေ။ ။စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့မှ ကြွင်းသော ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ အဗျာကတစိတ် တို့ကို ခေါ်ပါသည်။

မေး။ ။ထိုဝိညာဏ်ခြောက်ပါးသည် အတူပြိုင်၍ ဖြစ်ပါ သလား။
ဖြေ။ ။အတူပြိုင်၍မဖြစ်၊ တခြားစီ ဖြစ်ပါသည်။

ထို့ကြောင့်။(၂၀) ဝိညာဏ်ငါး၀၊ ကြွင်းသမျှကို၊ မနော ဝိညာဏ်ဆို၏။ ထိုစိတ်ခြောက်ပါး၊ တခြားစီသာ ဖြစ်ကြရာ သတည်းဟု ဆိုပါသည်။

မှတ်ချက်။ ။စိတ်တစ်ခု ယုတ်ကိုးဆယ် ဆိုသော်လည်း အကုန်လုံး ရကြသည် မဟုတ်။ ပုဂ္ဂိုလ်အား လျော်စွာ ဆိုင်ရာ အသီးအသီး ရကြလေ၏။ ယခု လောကမှာ ဒွိဟိတ်ပုဂ္ဂိုလ်သာ များ၏။ တိဟိတ်ပုဂ္ဂိုလ်ကား နည်း၏။

၁။ အကုသိုလ်စိတ် အဟိတ်ဆယ့်ရှစ်၊ ဟသိပ်ပယ်၍၊ ရှစ်ခု ကုသိုလ်၊ ဝိပါက်ကိုထည့်၊ ပေါင်းရှိအပြား၊ လေးဆယ့်ငါးကို၊ မှတ်သားလို၊ တိဟိတ်ပုဂ္ဂိုလ်စိတ်။

၂။ ဝိပါက်သမ္ပယုတ်၊ နှုတ်၍ပစ်က၊ လေးဆယ့်တစ်ကို၊ မှတ်သားလို၊ ဒွိဟိတ်ပုဂ္ဂိုလ်စိတ်။

**တိဟိတ်ပုဂ္ဂိုလ်မှာ**

| | |
|---|---|
| အကုသိုလ် | ၁၂။ |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | ၁၇။ |
| မဟာကုသိုလ်စိတ် | ၈။ |
| မဟာဝိပါက်စိတ် | ၈။ |

ပေါင်း (၄၅) ပါး ရ၏။

**ဒွိဟိတ်ပုဂ္ဂိုလ်မှာ**

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂။ |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | ၁၇။ |
| မဟာကုသိုလ်စိတ် | ၈။ |
| မဟာဝိပါက်ဝိပ္ပယုတ် | ၄။ |

ပေါင်း(၄၁) ပါးရ၏။

နာမ်ကိုပြဆိုရာအခန်း ပြီး၏။

## ရုပ်ကို ကြည့်ရှုရန် ပြဆိုခန်း

မေး။ သတ္တဝါသန္တာန်မှာ နာမ်ရုပ်မှတစ်ပါး တခြားသော တရားများ ရှိပါသေးသလား။

ဖြေ။ မရှိပါ။ နာမ်ရုပ်နှစ်ပါးသာ ရှိပါသည်။

**မေး။** အဘယ်ကြောင့် ယောကျ်ား၊ မိန်းမ၊ အတ္တဇီဝဟု ပြောဆိုနေကြပါသနည်း။

**ဖြေ။** လောကဝေါဟာရအားဖြင့်သာ ပြောဆို၍ နေကြပါသည်။ စင်စစ်ကား ယောကျ်ား၊ မိန်းမ၊ အတ္တဇီဝဟူ၍ မရှိ၊ ငါသူမဟုတ်ဒသော ဓာတ်ရုပ်ကြီးတွေသာ ရှိပါသည်။

ထို့ကြောင့်။ (၂၁)နာမ်-ရုပ်မှတစ်ပါး၊ ယောကျ်ား-မိန်းမ အတ္တဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ ဓာတ်အသိသာ ရှိချေ၏ တကားဟု ဆိုပါသည်။

**မေး။** သက္ကာယဒိဋ္ဌိသည် ဘယ်လိုစွဲလမ်းပါသနည်း။

**ဖြေ။** သတ္တဝါဟူ သာ ရုပ်ခဲကြီးကို ငါ့ကိုယ်ပဲ၊ ငါ့လက်ပဲ၊ ငါ့ခြေပဲ စသည်ဖြင့် စွဲလမ်းပါသည်။ နာမ်၏ အမှုကို ကိုယ်အမှုပြုလု၍ ငါမြင်သည်၊ ငါကြားသည်၊ ငါသိသည်၊ ငါမှတ်သည် စသည်ဖြင့် စွဲလမ်းပါသည်။

**မေး။** အဘယ်ကြောင့်စွဲလမ်းပါသနည်း။

**ဖြေ။** နာမ်-ရုပ်၏ ဖြစ်ဟန်အမှန်ကို မသိသောကြောင့် စွဲလမ်းပါသည်။

ထို့ကြောင့်။ (၂၂) နာမ်-ရုပ်နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ ငါထိုင်၊ ငါကိုင် ငါသွား၊ ငါကြား ငါကြည့်၊ ငါသိ ငါမြင်၊ ဓာတ်ဖြစ်အင်ကို၊

ငါပင်မုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိ၊ စွဲလမ်းမှုကြီးပါ တကားဟု ဆိုပါသည်။

မေး။ သက္ကာယဒိဋ္ဌိ စွဲလမ်းသည့်သူများသည် အပါယ်သွား လွတ်ပါမည်လား။
ဖြေ။ အပါယ်ရောက်ခြင်းအကြောင်း၏ အရင်းမူလ ဖြစ်လေသောကြောင့် အပါယ်သွား မလွတ်နိုင်ပါ။
မေး။ အပါယ်တံခါးပိတ်အောင် ဘယ်တရားကို အားထုတ်ရပါမည်နည်း။
ဖြေ။ ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်သောသူများသည် လှံနှုတ်မှု၊ မီးငြိမ်းမှုကိုသာ ရေကြီးသုတ်ပျာပြုရသကဲ့သို့၊ သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို အလျင်အမြန် ခွာဖျက်၍ ပစ်ရပါမည်။
မေး။ အဘယ်ကြောင့် အလျင်အမြန် ခွာဖျက်ရပါသနည်း။
ဖြေ။ ယနေ့သေမည်၊ နက်ဖြန်သေမည်ဟု မသိနိုင်သောကြောင့် အလျင်အမြန် ခွာဖျက်ရပါသည်။

ထို့ကြောင့်။ (၂၃) ဒိဋ္ဌိသက္ကာယ မက္ခာသမျှ၊ လေးဝအပါယ် ရောက်ဦးမယ်၊ နင်ဝယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နှောက်မဆုတ်ဘဲ၊ အားထုတ်ရန် သဘောကို၊ "သတ္တိယာ ဝိယဩမဋ္ဌော"ဟု ဟောကြားတော်မူခဲ့ပြီတကားဟု ဆိုပါသည်။

## ထိုစကားအရ သာဓကပါဠိစကား

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။ (သံယုတ်ပါဠိတော်)

သတ္တိယာ၊အသွားနှစ်ဘက် မြမြထက်သော လှံကြီးသည်။ ဩမဋ္ဌောဝိယ၊ ရေမျှိုရင်ဝ စူးရှ၍နေသော ယောကျ်ားကဲ့သို့လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းတစ်ခုလုံး၌၊ ဍယှမာနောဝ၊ မီးတောက်လောင်၍ နေသော ယောကျ်ားကဲ့သို့လည်းကောင်း။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ဖြုတ်ခြင်းငှာ။ ဘိက္ခု၊ သံသရာဘေး အပါယ်ဘေးကို မြော်တွေးမြင်သူ၊ ရှင်လူရဟန်းသည်။ သတော၊ မမေ့မလျော့ မပေါ့သာဘဲ၊ မြဲသောသတိရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဝိပဿနာအလုပ်ကို နောက်မဆုတ်ဘဲ အမြဲအားထုတ်ရာသတည်း။

**မေး။** သက္ကာယအစွဲပြုတ်အောင် အဘယ်လို ဖြုတ်ရပါမည်နည်း။

**ဖြေ။** နာမ်-ရုပ်၏ အနိစ္စကို ဒိဋ္ဌမြင်လျှင် သက္ကာယအစွဲပြုတ်၍သွားသောကြောင့် နာမ်ရုပ်၏ အနိစ္စကိုဒိဋ္ဌမြင်အောင် အားထုတ်ရပါသည်။

မေး။ ဒိဋ္ဌမြင်အောင် အဘယ်ကဲ့သို့ အားထုတ်ရပါသနည်း။
ဖြေ။ နာမ်ရုပ်နှစ်ခု၊ နှစ်ပိုပြု၍၊ တစ်ခုခု၌ ကြံဖန်စေ့ငု၊ စိုက်၍ ရှုကြည့်ရပါသည်။

မေး။ ဘယ်လိုကြံ၍ ရှုကြည့်ရပါသနည်း။
ဖြေ။ ဉာဏ်ရှိသလို ကြံ၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်။ (၂၄) နာမ်ရုပ်နှစ်ခု၊ နှစ်ပိုပြု၍၊ ရုပ်စုနာမ်စု၊ တစ်ခုခုကို၊ ကြံဖန်စေ့ငု၊ စိုက်၍ရှုမှ၊ ခေတ်ရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကားဟု ဆိုပါသည်။

## ရှုကြည့်ပုံနိဿယကို သိလိုသူမှတ်ရန်၊ ကြံဖန်ရန် သဲလွန်စ-ကား

ကိုယ် ဟူသော ရုပ်ခဲကြီးကား၊ ဓာတ်ကြီး ၄ ပါး၏ အရသာဖြစ်၏။

ဓာတ်ကြီးလေးပါးကား မာခြင်း၊ ဘွဲ့ခေးခြင်း၊ ပူခြင်း အေးခြင်း၊ ထောက်ကန်ခြင်းသဘောအမူအသွာမျှသာ ရှိ၏။

သို့ဖြစ်၍ ကိုယ်ဟူသော ရုပ်ခဲကြီးကား အမာအခဲကြီး မဟုတ်။ အမှုန်ကိုထုတ်သော် ဓာတ်ရုပ်ကြီးသာ ဖြစ်၏။

ထိုဓာတ်ရုပ်ကြီးကား မပြားမကွဲ တစ်သားတည်း တည်၍ နေသည်မဟုတ်၊ သဲပုံ၏ အလားကဲ့သို့ အာကာသ ခြား၍၊

ခြား၍ ဖြစ်ပျက်ကာနေကြသော ရုပ်ကလာပ် ခွာတ်ခဲအစုတွေ သာဖြစ်သည်ဟု ကြံဖန်ကာ ဉာဏ်နှင့်စိုက်၍ ကိုယ်ကို ရှုကြည့် လေ။ အာကာသခြား၍ခြား၍ နေသော ရုပ်ကလာပ်တွေကို မြင်လိမ့်မည်။

ထိုရုပ်ကလာပ်တွေကား ခွာတ်လေးပါးအနက် ပထဝီထက် ၍နေသောကြောင့် ပထဝီခွာတ်သဘောအတိုင်း မာ၍နေ၏။ မာ၍နေသော်လည်း အခဲမဟုတ်။ မာခြင်းသဘော အမှုအရာ တွေသာဖြစ်သည်ဟု ကြံဖန်ကာ ခန္ဓာကိုယ်မှာ ကြည့်လေ။ ပထဝီခွာတ်၏သဘောတွေ မြင်ရလိမ့်မည်။ ထို ပထဝီခွာတ် သဘောတွေကား အမြဲတည်၍နေသည် မဟုတ်။ ခဏမစဲ ဖြစ်ပျက်၍နေသည်ဟု ကြံဖန်ကာ ခန္ဓာကိုယ်မှာကြည့်လေ။ မမြဲ သည့် အခြင်းအရာ အနိစ္စတွေကို မြင်လိမ့်မည်၊ မမြင်-မြင် အောင် ကြံ၍ကြည့်လေ။

ဤကား၊ ရုပ်၌ ကြံဖန်၍ ရှုကြည့်ရန် သဲလွန်စတည်း၊

မေး။ အဆင်းသဏ္ဌာန်ခုခံ၍ နေခဲ့လျှင် ဘယ်လိုရှုကြည့်ရပါ သနည်း။

ဖြေ။ ဉာဏ်နှင့်ရှင်း၍ ရှုကြည့်ရပါသည်။

မေး။ ဘယ်လိုဉာဏ်နှင့်ရှင်း၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ရှင်းတတ်သလိုရှင်း၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်။ (၂၅) သဏ္ဍာန်အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသော့၊ မြင်နိုင်ချေမည် တကားဟု ဆိုပါသည်။

## ဉာဏ်နှင့်ရှင်းရန် သံလွန်စ ပြအံ့။

ရုပ်ကလာပ်တွေ ပေါင်းစုနေသော ဓာတ်သဘောတွေကို သဏ္ဍာန်ကြီးဟု မှတ်ထင်ရ၏။ စင်စစ်ကား သဏ္ဍာန်မရှိ။ ဓာတ်သဘောအမှုအရာတွေသာဖြစ်သည်ဟု ကြံဖန်ကာဉာဏ်နှင့်ရှင်း၍ ရှုကြည့်လေ။

အဆင်းကား ဓာတ်ကြီးလေးပါးကိုစွဲ၍ဖြစ်သော ဝဏ္ဏရုပ်သာ ဖြစ်၏။ ညဥ့်အခါ မီးစကို ယမ်းလှည့်ရာ မီးစက်ကွင်းကြီးထင်ရသကဲ့သို့၊ ရှေ့နောက်စဥ်ဆက် ဖြစ်ပျက်၍နေသည်ကို စက္ခုဝိညာဏ်ကားမမြင်၊ အဆင်းလုံးကြီးကိုသာမြင်၍နေ၏။ စင်စစ်ကား အဆင်းလုံးကြီးမဟုတ်။ ဖြစ်ပျက်၍နေသော ဝဏ္ဏရုပ် အစုတွေသာဖြစ်သည်ဟု ကြံဖန်ကာ ဉာဏ်နှင့်ရှင်း၍ ရှုကြည့်လေ။

ဤကား ဉာဏ်နှင့်ရှင်း၍ရှုရန် သံလွန်စတည်း။

ရုပ်ကိုရှုကြည့်ရန် ပြဆိုသောစကားတစ်ရပ်
အပြီးသတ်သတည်း။

## ဝိညာဏ်ကိုဖမ်း၍ရှုရန် ပြဆိုခန်း။

မေး။ အကြည်ခြောက်စုံအာရုံဆိုက်က၊ ခြောက်ဝဝိညာဏ်ကို အနိစ္စ ထင်မြင်အောင် အဘယ်ကဲ့သို့ ရှုကြည့်ရပါသနည်း။

ဖြေ။ အကြည်ခြောက်စုံမှာ အာရုံဆိုက်၍ ဖြစ်လာသော ဝိညာဏ်ကိုမိအောင်ဖမ်း၍ ရှုကြည့်ရပါသည်။

မေး။ အဘယ်ကဲ့သို့ မိအောင်ဖမ်း၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ဖမ်းတတ်သလိုဖမ်း၍ ရှုကြည့်ရပါသည်။

ထိုကြောင့်၊ (၂၆) အကြည်ခြောက်စုံ၊ အာရုံဆိုက်က၊ ခြောက်ဝဝိညာဉ်၊ အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကားဟု ဆိုပါသည်။

## ဖမ်းရန် နိဿယ သဲလွန်စ ပြအံ့။

အဆင်းကိုမြင်သည့်အခါ မျက်စိကမြင်သည်မဟုတ်။ စက္ခုဝိညာဏ်ကသာမြင်၏။ ဤစက္ခုဝိညာဏ်တား အမြဲတည်၍နေမည်မဟုတ်။ စက္ခုရူပါရုံ နှစ်ပါးစုံစွဲ၍ ဖြစ်ပေါ်လာသော အနိစ္စတရားသာဖြစ်သည်ဟု စက္ခုအကြည်မှာဉာဏ်နှင့်စိုက်၍ ဖမ်း။ မမိလျှင် မိအောင်ဖမ်း၍ရှုကြည့်လေ။

သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့ကို ထိုနည်းတူ မိအောင်ဖမ်း၍ရှုလေ။

ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဖြစ်ပေါ်လာသည့်အခါ၊ ဤကုသိုလ်စိတ်ကား အမြဲတည်၍နေသည်မဟုတ်။ ဤအကုသိုလ်စိတ်ကား အမြဲတည်၍နေသည်မဟုတ်။ မနောဓမ္မာရုံနှစ်ပါးစုံကိုစွဲ၍ ဖြစ်ပေါ်လာသော အနိစ္စတရားသာဖြစ်သည်ဟုနှလုံးသွင်းအစုဟဒယဝတ္ထုမှာ ဉာဏ်နှင့်စိုက်၍ဖမ်း။ မမိလျှင် မိအောင်ဖမ်း၍ ရှုကြည့်လေ။

ဝိညာဏ်ခြောက်ပါးတို့ဖြစ်ပုံကိုနာမ်အခန်းမှာပြဆိုခဲ့သော ဥပမာ–ဥပမေယျနှင့်တကွ ကြံဖန်၍ဖမ်း၊ မမိလျှင် မိအောင်ဖမ်း၍ ရှုကြည့်လေ။

မိသည် မမိသည်ကို အဘယ်လို သိရပါသနည်းဟူမူ။

မိသည့်အခါ၊ ဉာဏ်ထဲမှာ ရှင်းလင်း၍သွားလိမ့်မည်။ ငါ မြင်သည်၊ ငါကြားသည် စသော စွဲလမ်းမှုကြီး ကွာရှင်း၍သွားလိမ့်မည်။

ရှုကြည့်သည့်အခါ မကွာမရှင်းခဲ့လျှင် မမိသေးလို့မှတ်။ နေရာမကျသေးလို့မှတ်။ မမြင်သေးလို့မှတ်။

လွယ်သည်မထင်နှင့်၊ အခက်ကြီး။ မြင်သာမြင်၍ မမိနိုင်သော ရေကြည်ငါးနှင့်တူ၏။

ရုပ်နာမ်တို့၏ သဘာဝကို သိသာသိ၍ မြင်နိုင်ခဲ့သည်။ ရှုကြည့်သည့်အခါ မိအောင်ဖမ်းတတ်ခဲ့သည်။

မယုံလျှင် ရှုကြည့်၍စမ်းလေ။ ကိုယ်တိုင်တွေ့လိမ့်မည်။

ဤတား ၀ိညာဏ်ခြောက်ခုကို ဖမ်း၍ရှုရန်
သဲလွန်စပြချက်ဘည်း။

## ပညာရှိသူတို့ သတိပြုရန်အချက်။

မေး။ အနိစ္စကိုမြင်လျှင် အနတ္တကို မြင်၍ သက္ကာယဒိဋ္ဌိ ပြုတ်နိုင်ပါမည်လား။

ဖြေ။ အနိစ္စကိုမြင်လျှင် အနတ္တကိုမြင်၍ သက္ကာယဒိဋ္ဌိ ပြုတ်နိုင်ပါသည်။

ထို့ကြောင့်။ (၂၇) နာမ်ရုပ်ဓမ္မ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ဓာတ်အမှုသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယဒိဋ္ဌိ တရား၊ လွင့်စဉ်ရှားလေ၏တကားဟု ဆိုပါသည်။

## ထိုစကားအရ သာဓကပါဠိကား

အနိစ္စ သညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ။
အနတ္တသညိနော အသ္မိမာန သမုဂ္ဃါတံ ပါပုဏာတိ
ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။ (နဝင်္ဂုတ္တရပါဠိတော်)

မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စ သညီနော၊ အနိစ္စဟု မှတ်ထင်သောသူအား။ အနတ္တသညာ၊ အနတ္တဟု မှတ်ထင်မှုသည်။ သဏ္ဌာတိ၊ အလိုလို တည်လာ၏။ အနတ္တသညီနော၊ အနတ္တဟု မှတ်ထင်သောသူအား။ အသ္မိမာန သမုဂ္ဃါတံ၊ ငါဟူသော မာန်မာန ကင်းပြတ်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေတော့၏။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌ပင်။ နိဗ္ဗာနံ၊ သဥပါဒိသေသ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်လေတော့၏။

မေး။ သက္ကာယဒိဋ္ဌိ တဒင်္ဂပဟာန်ကွာပြုတ်၍ နေသောသူကို အဘယ်ပုဂ္ဂိုလ် ခေါ်ပါသနည်း။

ဖြေ။ စူဠသောတာပန်ပုဂ္ဂိုလ် ခေါ်ပါသည်။

မေး။ သက္ကာယဒိဋ္ဌိ သမုစ္ဆေဒပဟာန်ကွာပြုတ်ခဲ့လျှင်အဘယ်ကဲ့သို့ ဖြစ်၍သွားပါသနည်း။

ဖြေ။ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်ဝင်ပုဂ္ဂိုလ်အစစ်၊အရိယာ ဖြစ်၍သွားပါသည်။

ထို့ကြောင့်။ (၂၈) ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မူက၊ စူဠသောတာပန်။ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ အပါယ်လေးပါး၊ တံခါးပိတ်၍၊နိဗ္ဗာန်အာဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရချေ၏တကားဟု ဆိုပါသည်။

## ထိုစကားအရ သောတာပတ္တိကား။

ဣမိနာပနဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ
သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိ
ကော စူဠသောတာပန္နော နာမ ဟောတိ။
(ဝိသုဒ္ဓိမဂ်)

ဣမိနာပနဉာဏေန၊ဤဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊မြတ်စွာဘုရားသာသနာတော်၌။လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်ရာ တည်ရာရှိသည်ဖြစ်၍။ နိယတ ဂတိကော၊ အပါယ်မလား သုဂတိဘဝကိုသာ တစ်ဖြောင့်တည်းသွားသော ဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

**စူဠသောတာပန် ဆိုသည်ကား။** ။သောတာပန်အငယ်၊ သောတာပန်အလောင်း၊ သောတာပန်ကြီး ဖြစ်လုဖြစ်ခါနီး ဆိုလိုသည်။

ဝိပဿနာတရားကို မြင်လုံးထွားအောင် ပွားများမှုသည်ကား နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်း အမျိုးမျိုးတို့တွင် လမ်းတို လမ်းဖြောင့် ဖြစ်သတည်း။ သို့ပင်ဖြစ်သော်လည်း ဉာဏ်၏အလုပ် ဖြစ်သောကြောင့် လူတိုင်း နားမလည်ပြီ။ နား

လည်းသော်လည်း နိဗ္ဗိန္ဒအလုပ်ဖြစ်သောကြောင့် လူတိုင်းမလုပ်နိုင်ပြီ။ သို့ဖြစ်၍ မျောက်အုန်းသီး ရသကဲ့သို့ ခွဲလည်းမစား တတ်၊ အရသာကိုလည်း မသိ၊ အကြံကလည်း မထိ၊ ဉာဏ်ကလည်း တုံးတိ၊ ဗာလာနံအကန်းအတိ ဖြစ်ကြ၍ ဓမ္မနှင့်ဝေး၊ သံသရာဈေးကြောင်းပေါက်၊ ရှေ့မထောက် နောက်မမျှော်၊ အဖော်တွေ့ တရုန်းရုန်းနှင့်၊ တပြုံပြုံး ပျော်မြူး၍၊ မူးမေ့ကာနေကြလေသတည်း။ အများပင် မူးကြသော်လည်း ကိုယ်ကရော၍ မရူးမလနှင့် ဆိုလိုသည်။

ထို့ကြောင့်။ (၂၈) မကျွေမထောက်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများမူးတိုင်း၊ နင်မရူးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ အခါခါပွားမှု၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နင်သာ သတိထားဟု ဆိုပါသည်။

နာမ်ရုပ်ဓမ္မ၊ သဘာဝကို၊ ဒိဋ္ဌမြင်ရန်၊ ကြံဖန်စောင့်၊ စိုက်၍ရှုသော ဝိပဿနာအလုပ်ကား၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွင် မဂ်တံခါးအဖွင့်၊ ဖောကျင့်တွင်အချုပ်၊ အလုပ်တွင် အသာ၊ ပါရမီတွင်အမြွက်ဆုံး၊ ဤကဲ့သို့နှလုံးထားတော်မူ၍-

ပညာပါရမီ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ အရိယမဂ္ဂဒွာရံဝိဝရိတွာ အမတ နိဗ္ဗာနံ ပဝိသိဿတိ။ သဗ္ဗပါရမိမ္ပိ ပစ္စေကဗောဓိမ္ပိ သမ္မာသမ္ဗောဓိမ္ပိပဋိဝိဇ္ဈိဿတိ။အမတမဟာ နိဗ္ဗာနသမ္ပာပကောသု ဟိ ဓမ္မေသု

ပညာ၀ သဗ္ဗော၊ အ၀သေသာ တသာ ပရိဝါရာ ဟောန္တိ၊ သုတ္တနိပါတ် အဋ္ဌကထာ။)

ဟိ၊ ထင်စွာပြဦးအံ့။ ပညာ ပါ၊ပညာရှိသော။ စုရိသော၊ ယောကျ်ားသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ အရိယမဂ္ဂဒ္ဒါရံ၊ အရိယမဂ်တည်းဟူသော တံခါးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်သို့။ ပဝိသိ ဿတိ၊ ဝင်ရလတ္တံ့။ သာဝကပါရမိမ္ပိ။ သာဝကပါရမီဉာဏ် ကိုလည်းကောင်း။ ပစ္စေကဗောဓိမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကို လည်းကောင်း၊ သမ္မာသမ္ဗောဓိမ္ပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကို လည်းကောင်း။ ပဋိဝိဇ္ဈိဿတိ။ ထိုးထွင်း၍သိရလတ္တံ့။ ဟိသစ္စံ၊ မှန်၏။ အမတမဟာနိဗ္ဗာနသမ္ပာပကေသု၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာ၀၊ ဝိပဿနာပညာပါရမီသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံး ပေတည်း။ အ၀သေသာ၊ ကြွင်းသောပါရမီတို့သည်။ တဿ၊ ထိုဝိပဿနာပညာပါရမီ၏။ ပရိဝါရာ။ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စာကြည့်၍သော်လည်းကောင်း၊ သူတစ်ပါး ဟောပြော၍ သော်လည်းကောင်း၊ သိသောဉာဏ်ကို သုတမယဉာဏ် ခေါ်သည်။ ကိုယ်တိုင်ကြံဖန်၍ သိသောဉာဏ်ကို စိန္တာမယဉာဏ် ခေါ်သည်။ ဝိပဿနာ ရှုကြည့်မှုတို့ကား စိန္တာမယဉာဏ် ကချက်တို့သာ ဖြစ်သတည်း။

လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော စာအုပ်များမှာ ဝိပဿနာရှုကြည့်ရန် ရေးသားသော အချို့သော တရားများသည်စိန္တာမယဉာဏ်ဖြင့်သိအပ်သောတရားတွေသာ တည်း။ အချို့သောသူတို့က ပါဠိမပါသောကြောင့်ပေါ့ပြက် ပြက်ရှိသည်ဟုဆိုကြ၏။ ပါဠိတိုက်ရိုက်ရှိသောတရားကိုသိလျှင် စိန္တာမယဉာဏ် မဖြစ်က သုတမယဉာဏ်သာဖြစ်၏။ စိန္တာမယဉာဏ် မဖြစ်က ဝိပဿနာဉာဏ် အစစ်သို့ မဆိုက်။ ဝိပဿနာထဲ ဉာဏ်အစစ်သို့ မဆိုက်က အမြိုက်နိဗ္ဗာန်နှင့်အဝေးကြီး။သက္ကာယဒိဋ္ဌိဖိစီး၍ အချည်းနှီး အလကားတုစ္ဆနယ်သား မဖြစ်ရအောင် အားသစ်ရမည် ဆိုလိုသည်။

ကိုယ့်စိန္တာမယဉာဏ်နှင့်လည်း မသိ။ သူတစ်ပါးစိန္တာမယဉာဏ်နှင့်သိအပ်သောတရားစာကိုလည်း မကြည့်ချင်။ စိတ်ကြီးဝင်၍ နေသူများသည် မဟာအမှားကြီး ပေတည်း။

ပညာရှိသူတို့ သတိမူရန် အချက်
ဤတွင်စကားတစ်ရပ် အပြီးသတ်သတည်း။

## နိဂုံး

သဲဖြူချောင်းကိုအမှီပြု၍သဲဖြူမုံရွာလယ်တီဂိုဏ်း၏ အဆက် အနွယ်ဖြစ်သောလက်တီ–တောကျောင်းဖြစ်၍တောရ၊ ပေါင်း သော်(သဲဖြူလယ်တီတောရကျောင်း)၊ သဲဖြူလယ်တီတောရ ကျောင်း၌ သီတင်းသုံး နေထိုင်သော ငါသည်၊ စီရင်အပ် သော ဝိပဿနာလက်စွဲကျမ်းကို ၁၂၇၀-ပြည့် တော်သလင်း လဆုတ် ၅-ရက်နေ့တွင် စီရင်ပြုအပ် အပြီးသတ်သတည်း။

ထို့ကြောင့်။ (၃၀)သဲဖြူလယ်တီ၊ တောရမှီသည့်၊ မထေရ် ငါသည်၊ စီရင်အပ်သော၊ ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ် တော်သလင်း၊ လအတွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင်၍ လျှင်၊ ပြီးအောင်မြင်၏တကားဟုဆိုသတည်း။

## မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏
## ဆုံးမစာ

ဆိုပိမ့်မည္သာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြွသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှ ၊ ရီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်။

၁။ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကာမှောင်၏။

၂။ လူ့ဘောင်–လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ မလေ့မလွဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏။

၃။ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။

၄။ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ ကမှောင်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏။

၅။ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သဏ္ဌာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

၆။ အာရုံဝတ္ထု၊ မီးစာစုကို မှုမှုရရ၊ နှင်အားကျလည်း၊
ခါးပြုသမင်း၊ သူ့တပ်နှင်းက၊ မငြင်းဆန်သာ၊
နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။

၇။ ယီးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊
အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊
တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊
ဆင်းရဲပိုလျက်၊ ထိုယိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊
အများထုံးတည့်၊ အနှုန်းပျက်၊ အောက်နရက်ဝယ်၊
တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊
ဥဒဟိုသည်၊ နှင်လိုလှုံ့ကြ် သွားလမ်းတည်း။

ပတ်ပင်ပတ်သော်လည်း၊ အစသတ်မသေချာတော့ ပြေတတ်သည်။

တတ်ပင်တတ်သော်လည်း၊ ပရမတ်မကျေက လေတတ်သည်။

## ဝါဆိုလပြည့်နေ့နှင့် (၃၇)မင်း ကိုးကွယ်မှု

လိုချင်မှုအမှန်ကြောင့် ဆင်းရဲခြင်းအမှန်ဖြစ်၏။ ဆင်းရဲလွတ်မှု လမ်းစဉ်အမှန်ကြောင့် ဆင်းရဲချုပ်ငြိမ်းမှု အမှန်ဖြစ်၏ဟု အမှန်လေးချက်ကို ထိုးထွင်းသော ကိုယ်ပိုင်ဉာဏ်ဖြင့် သိရှိတော်မူသော ဗုဒ္ဓမြတ်စွာဘုရားသည် ကောဏ္ဍညအမှူးရှိသော ငါးဦးသောရဟန်းတို့အား လမ်းဟောင်း၊ လမ်းမှားမှ လမ်းသစ်လမ်းမှန်သို့ ပထမဦးစွာ ညွှန်ပြတော်မူသောနေ့သည် ဝါဆိုလပြည့်နေ့ဖြစ်၏။ ထိုနေ့ကို ကျွန်တော်တို့မြန်မာနိုင်ငံတွင် ''ဓမ္မစကြာနေ့''ဟု သတ်မှတ်လျက်၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကို အစုအဝေးနှင့် ရွတ်အံကြမြဲ ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာညွှန်ပြဟောကြားတော်မူသော ဆင်းရဲလွတ်မှု လမ်းစဉ်အမှန်သည် မလျော့လွန်း မတင်းလွန်းသော အင်္ဂါရှစ်ပါးရှိသည့် အလယ်အလတ် လမ်းစဉ်သာလျှင် ဖြစ်ပေသည်။ ဤအင်္ဂါရှစ်ပါးရှိသော လမ်းစဉ်သည် ရွတ်ရုံအံရုံမျှ မဟုတ်ဘဲ၊ မိမိတို့ကိုယ်တိုင် အားကိုးအားထား ကျင့်ကြံအားထုတ်ရမည့်လမ်းစဉ်ဖြစ်၏။ ကိုယ်တိုင် အားကိုးအားထား

လိုက်နာကျင့်သုံးသူအား လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးကို အခါမလင့်အကျိုးပေး၏ဟု ကျွန်တော်တို့ ဗုဒ္ဓဘာသာဆိုသူများသည် နှုတ်မှပြောဆိုကြသော်လည်း လက်တွေ့တွင်မူ အင်္ဂါ(၈)ပါးရှိသော အလယ်အလတ် လမ်းစဉ်မှတစ်ပါး အခြားယုတ္တိယုတ္တာကင်းမဲ့သော လမ်းစဉ်များကိုသာ အားကိုးအားထား လိုက်နာကျင့်သုံးလျက် ရှိနေကြသည်ကို တွေ့ရှိရမည် ဖြစ်ပေသည်။

များစွာသောသူတို့သည် တောင်၊ တော၊ အာရာမ်၊ သစ်ပင်၊ နတ်ကွန်း၊နတ်စင်အမျိုးမျိုးတို့ကို ဘေးရန်ကင်းရန် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါသော်လည်း၊ ထို တောင်၊ တော၊ အာရာမ်၊ သစ်ပင်၊ နတ်ကွန်း နတ်စင်အမျိုးမျိုး တို့သည် ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် ဘေးရန်တို့မှမကာကွယ်နိုင်ကြချေ။ မိမိသည်သာလျှင် ကိုးကွယ်ရာတည်း။ သူတစ်ပါးသည် မိမိ၏ ကိုးကွယ်ရာမဟုတ်။ မိမိမှတစ်ပါး ကိုးကွယ်ရာသည်မရှိ။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်တိုင်လုပ်။ ကိုယ်ထူကိုယ်ထစနစ်ကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပေသည်။

သို့တစေ ကျွန်တော်တို့ ဗုဒ္ဓဘာသာဆိုသူများသည် မိမိမှတစ်ပါး သက်ရှိသက်မဲ့၊ သောင်းပြောင်းထွေလာများကို ကိုးကွယ်ရာဟုထင်မှတ်မှားလျက်၊ သူ့ထက်ငါ လုပ်အားနှင့် အချိန်း ပစ္စည်း ပစ္စယနှင့် ငွေကြေး အကုန်အကျ ခံလျက်

အနည်းနည်းအဖုံဖုံ ကိုးကွယ်ဆည်းကပ်နေကြသည်မှာ ဗုဒ္ဓမြတ်စွာအား ဆန့်ကျင်လျက် ဗုဒ္ဓမြတ်စွာ၏ မဟာကရုဏာတော်ကိုပင် စော်ကားရာရောက်မှန်းမသိ ရောက်နေကြပေသည်။

အသေဆိုးနှင့်သေကြရသည်ဆိုသော အရက်သမား၊ကြက်သမားနှင့် စကားမပီ နှင်တွဲလောင်းအရှယ် အပါအဝင်တို့ကို ၃၇ မင်းဆိုပြီး၊ ဆင်းရဲဒုက္ခဘေးအန္တရာယ်များမှ လွတ်ကင်းရန်ဟု ကိုးကွယ်ပသ ဆည်းကပ်ပူဇော်နေကြသော ဗုဒ္ဓဘာသာဆိုသူတို့သည် မိမိတို့ ဤကဲ့သို့ကိုးကွယ်ခြင်းဖြင့် ဆင်းရဲဒုက္ခ ဘေးအန္တရာယ်များမှ အကယ်ပင်ကင်းလွတ်သည်- မကင်းလွတ်သည်-အကြောင်း ယုတ္တိတန်သည်-မတန်သည်၊ ဗုဒ္ဓမြတ်စွာ၏ ညွှန်ကြားချက်နှင့် ကိုက်ညီသည်မကိုက်ညီသည်ကို စဉ်းစားသင့်လှပေသည်။

ဤနေရာတွင် (ကိုးကွယ်)ဆိုသည့် စကားကို စိစစ်လျှင် (စွမ်အားကို ကိုးစား)ပါက ဆင်းရဲဒုက္ခရောက်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ခြင်းမှ (ကာကွယ်)သည်၊ ကိုး၍ကွယ်သည်၊ ကိုးကွယ်သည်ဟု သဘောအဓိပ္ပာယ်ရလေသည်။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော ဆင်းရဲကင်းရန်ဘေးအန္တရာယ်ကင်းကြောင်း၊ အင်္ဂါရှစ်ပါးရှိသော လမ်းစဉ်သည် သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊

မဂ္ဂင် ၈ ပါး စုစုပေါင်း (၃၇)ပါးသော ဗောဓိပက္ခိယ တရားပင် ဖြစ်လေသည်။ ယင်း (၃၇)ပါးသော ဗောဓိပက္ခိယတရားကိုပင် အကျဉ်းချုံးလိုက်ပါက မဂ္ဂင် (၈)ပါး ရသည်။

## မဂ္ဂင် ၈ ပါး

| | | |
|---|---|---|
| ၁။ | သမ္မာဝါစာ | အမှန်ပြောခြင်း။ |
| ၂။ | သမ္မာကမ္မန္တ | အမှန်ပြုလုပ်ခြင်း။ |
| ၃။ | သမ္မာအာဇီဝ | အမှန်အသက်မွေးခြင်း။ |
| ၄။ | သမ္မာဝါယာမ | အမှန်အားစိုက်ခြင်း။ |
| ၅။ | သမ္မာသတိ | အမှန်သတိရှိခြင်း။ |
| ၆။ | သမ္မာသမာဓိ | အမှန်တည်ကြည်ခိုင်မြဲခြင်း။ |
| ၇။ | သမ္မာသင်္ကပ္ပ | အမှန်ကြံစည်ခြင်း။ |
| ၈။ | သမ္မာဒိဋ္ဌိ | အမှန်မြင်ခြင်း။ |

ယင်း မဂ္ဂင်ရှစ်ပါးကိုပင် ကစ်ဖန် ချုံ့လိုက်လျှင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသည် ကိုယ်နှုတ်နှစ်ပါးစောင့် ထိန်းခြင်း(သီလသိက္ခာ)။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိသည် အမှန်တရား၌ တည်ကြည်ခိုင်မြဲခြင်း၊ (သမာဓိ သိက္ခာ)။ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိသည် အမှား အမှန်ကို ကွဲပြားစွာ မြင်တတ်ခြင်း၊ (ပညာသိက္ခာ)။ သီလ၊ သမာဓိ၊

ပညာဟူ၍ သိက္ခာအားဖြင့် ၃-ပါးရသည်။ ဤသိက္ခာ၃-ရပ်သည်ပင် ဗောဓိပက္ခိယတရား (၃၇)ပါးဖြစ်၏။

လောက၌ ကောင်းမကောင်း၊ မှန်မမှန်ကို သိမြင်တတ်သော(ပညာ)ဦးစီးပြီး အမှားနှင့် မကောင်းမှုကို ပယ်လျက်ကိုယ်နှုတ်နှလုံး ထိန်းသိမ်းစောင့်ရှောက်မှု(သီလ)။ မည်သို့ပင်ချော့မော့ခြိမ်းခြောက်လျက် အမှားနှင့်မကောင်းမှုကို ပြုကျင့်ရန် သွေးဆောင်လင့်ကစား ကြံ့ကြံ့ခံနိုင်မှု (သမာဓိ)နှင့်ပြည့်စုံသူအား ဆင်းရဲဒုက္ခဘေးအန္တရာယ်များမှ ကင်းလွတ်မည်မှာမုချဖြစ်လေသည်။

သီလ-သမာဓိ-ပညာဟုခေါ်သော ဗောဓိပက္ခိယတရား (၃၇)ပါး၏စွမ်းအားကို ကိုးစားလျက် ကိုယ်တိုင်သက်တွေ့ကျင့်သုံးသူ အကြွင်းမဲ့ပုဂ္ဂိုလ်အား အမြဲအပြစ်သောဆင်းရဲဒုက္ခဘေးအန္တရာယ်တို့မှ အခါမလပ် လက်တွေ့ဒိဋ္ဌတာကွယ်လေသည်။ သို့ဖြစ်၍ လောကီ-သီလ - သမာဓိ-ပညာခေါ် လောကီဗောဓိပက္ခိယတရား(၃၇)ပါးကို အပြင်(၃၇)မင်းဟု ယူလေ။ ဤအပြင် (၃၇)မင်းသည် အပြင်အပဆင်းရဲဒုက္ခ၊ ဘေးအန္တရာယ်တို့မှ မုချကာကွယ်၍၊ ကိုးကွယ်ပါလေ။ အတွင်းဆင်းရဲဒုက္ခ၊ အတွင်းဘေးအန္တရာယ်ဟု ဆိုအပ်သည့် ရာဂ၊ ဒေါသ၊ မောဟ စသောမီး (၁၁)ပါးကိုမူ၊ လောကီ-သီလ-သမာဓိ-ပညာ ခေါ် အပြင်ဗောဓိပက္ခိယတရား(၃၇)ပါး၏ စွမ်းအားကို ကိုးစားရုံမျှနှင့် မကာကွယ်

နိုင်။ (အဓိသီလ၊ အဓိစိတ္တ၊အဓိပညာ)ဟုခေါ်သော လောကုတ္တရာ အတွင်းဗောဓိပက္ခိယတရား(၃၇)ပါးကို အတွင်း(၃၇)မင်းဟု ယူလေ။ ဤအတွင်း(၃၇)မင်း၏ စွမ်းအားကိုကိုးစားမှ ဆိုခဲ့ပြီးသော အတွင်းဆင်းရဲဒုက္ခ ဘေးအန္တရာယ်များ (မီး တစ်ဆယ့်တစ်ပါး) မှ ကာကွယ်နိုင်ပေသည်။ ကိုးကွယ်ပါလေ။ ဤအရာသည် မဂ်ရောက် ဖိုလ်ဝင် အရိယာပုဂ္ဂိုလ်တို့၏အရာဖြစ်လေသည်။

အကြောင်းယုတ္တိလည်းသင့်၊ ဗုဒ္ဓမြတ်စွာ၏ ညွှန်ပြချက်နှင့်လည်းကိုက်ညီသည့် ယခုတင်ပြခဲ့သော အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း ကိုးကွယ်မှုဟု ဆိုအပ်သည့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ (၃)ရပ်၊ ဗောဓိပက္ခိယတရား(၃၇) ပါးနှင့်ပြည့်စုံရန် ကျင့်ကြံကြိုးကုတ် အားထုတ်ကြခြင်းဖြင့် ဤဝါဆိုလပြည့် "မွေစကြာနေ့" မှစ၍ လမ်းဟောင်း၊ လမ်းမှားကိုစွန့်လျက် လမ်းသစ်လမ်းမှန်သို့ လိုက်နိုင်ကြပါစေ။

အေးကြည် (စာတိုက်)

(၁၃၃၀-ပြည့်နှစ် ဝါဆိုလပြည့်နေ့) (၉-၇-၆၈)နေ့ထုတ် ဟံသာဝတီ သတင်းစာ ပြည်သူ့အာဘော်အခန်းတွင် ဖော်ပြပါရှိခဲ့ပြီး ဖြစ်သည်)။

# မှီငြမ်းပြုကျမ်းများ

| | | |
|---|---|---|
| ၁။ | ငါးရာငါးဆယ်ဇာတ် နိပါတ်ဝတ္ထုတော်ကြီး | (မင်္ဂလာဘုံကျော်ကျောင်း၊ ညောင်ကန်ဆရာတော်) |
| ၂။ | စတုဂီရိရှုဖွယ်များ (၃၆) ကျမ်း | (စတုဂီရိ ဧတောင်လေးလုံး ဆရာတော်ဘုရားကြီး) |
| ၃။ | ဓမ္မပဒပါဠိတော် နိဿယ နှင့် ဝတ္ထုနိဒါန်းအကျဉ်း | (သင်္ဂဇာဆရာဘော်) |
| ၄။ | ဓမ္မဝိနယ အမိန့်တော် ပြန်တမ်း | (သင်္ဂဇာဆရာတော် အဆုံးအမနှင့် သာသနာပြု ဆရာတော် ဝိနိစ္ဆယ) |
| ၅။ | ဇိနတ္ထပကာသနီ | (ကျီးသဲလေးထပ် ဆရာတော်) |
| ၆။ | ဝိမုတ္တိရသ | (ယောအတွင်းဝန် အမတ်ကြီး ဦးဘိုးလှိုင်) |

| | | |
|---|---|---|
| ၇။ | ဒိဋ္ဌိဝိသောဓန<br>ဝဇီရဂ္ဂဒီပနီ | (မန်လည်ဆရာတော်<br>ဘုရားကြီး) |
| ၈။ | ဓမ္မစက္ကပဝတ္တနသုတ်နှင့်<br>အနတ္တလက္ခဏသုတ်၊ | (လယ်တီဆရာတော်<br>ဘုရားကြီး) |
| | စတုသစ္စဒီပနီ၊ | 〃 |
| | မဂ္ဂင်ဒီပနီ၊ | 〃 |
| | သစ္စတ္ထဒီပနီ၊ | 〃 |
| | ဓမ္မဒီပနီ၊ | 〃 |
| | ဗောဓိပက္ခိယဒီပနီနှင့်<br>အာနာပါနဒီပနီ၊ | 〃 |
| | ဥတ္တမပုရိသဒီပနီ၊ | 〃 |
| | ဝိဇ္ဇာမဂ္ဂဒီပနီ၊ | 〃 |
| | အနတ္တဒီပနီ၊ | 〃 |
| | အနတ္တဒီပနီကျမ်းသစ်၊ | 〃 |
| | ဝိပဿနာဒီပနီ၊ | 〃 |
| | အလင်းကျမ်း၊ | 〃 |
| | ပဋိစ္စသမုပ္ပါဒဒီပနီ၊ | 〃 |
| | အာဟာရဒီပနီ၊ | 〃 |
| | နိဗ္ဗာနဒီပနီ၊ | 〃 |
| | လယ်တီနိဗ္ဗာန်၊ | 〃 |
| | လက္ခဏဒီပနီ၊ | 〃 |
| | ဘာဝနာဒီပနီ၊ | 〃 |

| | | |
|---|---|---|
| | ကမ္မဋ္ဌာနဒီပနီ၊<br>သောမနဿုပေက္ခာဒီပနီ၊ | (လယ်တီဆရာတော်<br>ဘုရားကြီး) |
| | သာသနာ့သမ္ပတ္တိဒီပနီ၊ | ။ |
| | ကမ္မဋ္ဌာန်းကျမ်းကြီး၊ | ။ |
| | သရဏဂုံဝိနိစ္ဆယကျမ်းသစ်၊ | ။ |
| ၉။ | ပရမတ္ထစက္ခုကျမ်း | (ဒီပဲယင်း ဆရာတော်<br>ဘုရားကြီး) |
| ၁၀။ | အရိယာဝိဇ္ဇာမဂ္ဂ<br>အလင်းပြကျမ်း | (ဆည်ကြီး တောရ ဆရာ<br>တော် အရှင်ဇဝန) |
| ၁၁။ | ပဋ္ဌာန်းဝိပဿနာကျင့်စဉ်<br>တရားတော်ကြီး၊ | (မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ<br>မိုးညှင်းတောရ ဆရာတော်<br>ဘုရားကြီး) |
| | လက်တွေ့ ပဋ္ဌာန်း<br>ဘုံဆိုင်ကျမ်း၊ | ။ |
| | ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်ကျမ်း၊ | ။ |
| | ဝိပဿနော ဝါဒကထာကျမ်း၊ | ။ |
| | အတိသင်္ခေပ<br>ဝိပဿနာနယကျမ်း၊ | ။ |
| ၁၂။ | ဝိပဿနာ<br>ခေတ်ပညာကျမ်း | (ရန်ကုန်မြို့၊ သရက်တော<br>ကျောင်းတိုက် မြို့မ ဆရာ<br>တော် ဦးဇေယျသေန) |

၁၃။ ပဋ္ဌိစ္စသမုပ္ပါဒ် အရသာ၊ ဝိသုဒ္ဓိမဂ် အရသာ၊ သတိပဋ္ဌာန်အရသာ၊ ဂုဏ်တော်အရသာ၊ (ညောင်လေးပင် တောရ ဆရာတော် ဦးအရိယ) (အဂ္ဂမဟာပဏ္ဍိတ) ။

၁၄။ သမထဝိပဿနာ ဘာဝနာကျမ်း (လက်ပံတန်း ရွှေညောင်ပင် ဆရာတော် ဦးသီလ)

၁၅။ သစ္စာအလင်းပြကျမ်း (အဘိဓဇ မဟာရဋ္ဌဂုရု ဝန်းသို ခန္တီးဆရာတော် ဦးသုဇာန)

၁၆။ ပဋ္ဌာန်းအခြေခံ ဝိပဿနာ (အဘိဓဇ မဟာရဋ္ဌဂုရု ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓာဘိဝံသ)

# အမှားပြင်ဆင်ချက်

| နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၂ | ၁၂ | ဓမ္မ | ဓမ္မာ |
| ၂၂ | ၁၄ | လိုသည် | ရောက်လိုသည် |
| ၂၃ | ၁၂ | ဒိဋ္ဌိဟူ | ဒိဋ္ဌိဟူ၍ |
| ၂၇ | ၆ | သိမ်းဆည်းတတ် | မသိမ်းဆည်းတတ် |
| ၃၃ | ၂ | ကျသော | ကျသော် |
| ၄၅ | ၉ | မသိနိုင် | မသီနိုင် |
| ၄၈ | ၂ | နောက်အသိ | နောင်အသိ |
| ၅၅ | ၁၃ | အရအာ | အရသာ |
| ၅၆ | ၃ | အဒါသ | အာဒါသ |
| ၆၇ | ၈ | ဓာတ်အသိ | ဓာတ်အတိ |
| ၆၈ | ၁၀ | ရေကြီး | ရေးကြီး |
| ၁၂၀ | ၈ | ဝိပဿနာထဲ | ဝိပဿနာဉာဏ် |

# အရိယမဂ်

ဦးအေးကြည်

(စာတိုက်)

နှင်းဝင်းပေါ်မောင်